www.burmeseclassic.com

ထိတ်လန့်ချောက်ချားဖွယ်ဝတ္ထု

ဗိညာဉ်ရုပ်တုနှင့်
ရုပ်ပျက်အာလောင်း




2012

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ခုနှစ်၊ ဩဂုတ်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

❑ **ထုတ်ဝေသူ**
ဦးနိုင်မျိုးထွန်း၊ အင်ပါယာစာပေ၊ ၁၁/၂၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ရာ၊ ဦးဝိစာရလမ်း၊ ဒဂုံမြောက်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ဖြန့်ချိရေး**
**ရုံးပိုင်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
မော်ဓကရီ
ဝိညာဉ်ရုပ်တုနှင့်ရုပ်ပျက်အလောင်း/မော်ဓကရီ- ရန်ကုန်၊
အင်ပါယာစာပေ၊ ၂၀၁၂။
၁၃၀-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) ဝိညာဉ်ရုပ်တုနှင့်ရုပ်ပျက်အလောင်း

BURMESE CLASSIC

## မော်ဓကရီ
### ရေးသားထုတ်ဝေပြီးစာအုပ်များ

၁။ မှော်ဝင်ရဲတိုက်မှ ဝိညာဉ်တစ္ဆေ
၂။ လိပ်ပြာကျိန်စာ
၃။ မာယာနှစ်သောင်းပြိုင်
၄။ ဇော်ဂနီကဝေပန်းပွင့်
၅။ ညဝိညာဉ်ခေါ်သံ
၆။ ထိန်ပင်ညိုနောင်တစ္ဆေ
၇။ မိကျောင်းဝိညာဉ်
၈။ ယန်းတစ်ပွင့် လိပ်ပြာခေါ်သံ
၉။ အနက်ရောင်ခေါင်းတလား
၁၀။ ဘဝကိုပြုစားတတ်တဲ့ ကံကြမ္မာ
၁၁။ သုံးဆယ့်ခြောက်ကောင်တစ္ဆေ
၁၂။ ဝိညာဉ်တစ်ကောင်၏ မေတ္တာနှောင်ကြိုး
၁၃။ ပြိတ္တာကျတဲ့ လွမ်းမျက်ရည်
၁၄။ ဝိညာဉ်ရှာသူလေး၏ နောက်ဆုံးမျက်ရည်
၁၅။ ခေါင်းတစ်ရာသုဘရာဇာ
၁၆။ ဝိညာဉ်စံအိမ်တော်က အလ္လာရိုမင်းသမီး
၁၇။ အကျဉ်းစံတစ္ဆေမလေးရဲ့ သုဘရာဇာ
၁၈။ ရွာထဲကအလောင်း
၁၉။ ကိုးလောင်းဆက်ရွာ

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**

၁။ ရှာသူထည့်ထားတဲ့အပင်း
၂။ သူတို့ပြောတဲ့ မပဲဝါ
၃။ အစိမ်းတိုက်

**ယခုလ**

# ဝိညာဉ်ရုပ်တုနှင့်ရုပ်ပျက်အလောင်း

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပရိသတ်များ -

# မော်ကေရီ

ထံသို့ ပေးပို့လိုက်သည့်

အပြုံးနှင့် ပရလောကမှ ဇာတ်လမ်းများ

(မည်သူမဆို ပေးပို့နိုင်ပါသည်။ ရွေးချယ်တော်ပြခံရပါက စာမူကြေး ဆုငွေ ကျပ်(၁)သိန်းချီးမြှင့်ပေးပါမည်။)



...သော စာဖတ်ပရိသတ်ကြီးရှင့် ...

ကျွန်မ မော်ကေရီမှ စာဖတ်သူ ပရိသတ်များအနေဖြင့် မိမိသိရှိသော သို့မဟုတ် ...တ်ဝန်းကျင်မှာ အမှန်တကယ်ဖြစ်ပျက်သော ဇာတ်လမ်းတွေကို ဇာတ်လမ်းအကျဉ်းအနေ ... ရေးပို့ပေးဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

စာဖတ်ပရိသတ်ကလည်း အားပါးတရ ရေးပို့ပေးတာကို ကျွန်မ မော်ကေရီ ...ထူးကျေးဇူးတင်ရှိပါတယ်။

ပရိသတ်ရေးပို့တဲ့ ဇာတ်လမ်းအားလုံးဟာ ပရိသတ်ရဲ့ ကိုယ်ပိုင်ဆန္ဒနဲ့ ကိုယ်ပိုင် ...တွေ့အကြုံကို ရေးပို့ပေးတယ်လို့ ယူဆပါတယ်။

အကောင်းဆုံး ဇာတ်လမ်းကို ကျွန်မ မော်ကေရီအပါအဝင် စာတည်းအဖွဲ့နှင့် ညှိနှိုင်းပြီး ရွေးချယ်ခြင်းဖြစ်ပါတယ်။ မည်သူတစ်ဦးတစ်ယောက်ဖြစ်စေ အရှိန်အဝါဖြင့်ဖြစ်စေ ဝါရင့် ထူးလက်ကျော်တွေပဲဖြစ်စေ ဘယ်သူ့ကိုမှ ဦးစားပေးရွေးချယ်မည်မဟုတ်ကြောင်း အသိပေးပါရစေ ...

ပရိသတ်ရဲ့ ရင်ထဲက အစစ်အမှန်နှင့် ရေးသားသော ဇာတ်လမ်းဆန်းကြယ်မှုကိုသာ ရွေးချယ်ပြီး ဆုငွေပေးအပ်ချီးမြှင့်မည် ဖြစ်ပါတယ် ...

ကျေးဇူးတင်စွာဖြင့်

ကျွန်မ မော်ကေရီ

www.burmeseclassic.com

www.burmeseclassic.com



မော်ကေရီ၏

(စိညာဉ်ရုပ်တုနှင့်ရုပ်ပျက်အလောင်း)စာအုပ်တွင် ဇာတ်အကျဉ်း ဖော်ပြခဲ့ရသူများ စာပေတိုက်သို့ စက်တင်ဘာလ(၂၀)ရက်ထက် နောက်မကျ စေဘဲ စာပေတိုက်သို့ ဆက်သွယ်ပါရန် အသိပေးအပ်ပါသည်။

ရဲရင့်အောင်စာတည်းအဖွဲ့
အမှတ်(၂၅)၊ အရှေ့မြို့ပတ်လမ်း၊
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ Ph : 01-401364, 09-73113909

BURMESE CLASSIC



ဆရာမ မော်ကေရီ …

ဖွင့်ထားတဲ့ ကဏ္ဍလေးကို လှန်လှောကြိုက်နှစ်သက်ပါတယ် … ဆရာမက ဇာတ်အကျဉ်း(ဇာတ်လမ်းအတို)ရေးပို့ပေးပါဆိုတော့ စာပေကို ဝါသနာပါတဲ့ သမီးတို့လို လူငယ်တွေအတွက် လမ်းတစ်လမ်းကို ရှာတွေ့ခဲ့ရတာပါပဲ။

စာပေကို ချစ်မြတ်နိုးလို့ စာဖတ်ရာက စာရေးချင်လာတော့ ကိုယ်ပိုင် အသိအတွေးနဲ့ရေးတယ်၊ ရေးပြီးတော့လည်း ဘယ်ပို့ရမလဲ မဂ္ဂဇင်းတွေ ဂျာနယ် တွေမှာက နေရာတွေစေ့နေတယ် …

ကိုယ်ဝင်တိုးဖို့ဆိုရင် ကိုယ့်ရှေ့ကလူကို ဖယ်နိုင်မယ့်အစွမ်းရှိမှ ဖြစ်မှာ မလား …

အသစ် အသစ်တွေ နေရာရဖို့ဟာ အဟောင်းအဟောင်းတွေထက်သာ အောင် ဘယ်လိုပဲကြိုးစားကြိုးစား နေရာမရတော့ စာအုပ်လောကကြီး မှေးမှိန်မှာ တောင် ကြောက်မိပါတယ်။

ဆရာမရှင့် …

သမီးပြောလိုတာတွေ ရေးနေတော့ အဓိကရေးရမယ့်အကြောင်း ရောက်မလာသေးဘူး။ သမီးရေးမှာက သမီးတို့မြို့လေးမှာ တကယ်ဖြစ်ပျက်ခဲ့တဲ့ ဇာတ်လမ်းလေးပါ။

ဒေါ်ငွေစီဆိုတာ ငွေအရမ်းချမ်းသာတဲ့ သူဌေးမကြီးတစ်ယောက်ပါ။ ဈေးကြီးထဲမှာ ကုန်စုံဆိုင်ကြီးလည်းရှိသလို အဝေးပြေးကားတွေလည်းရှိတယ်။

ငွေကြေးတအားချမ်းသာတော့ သူ့လက်ညှိုးညွှန်ရာ ငွေဖြစ်နေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ရွာတစ်ရွာက အမျိုးသမီးတစ်ယောက်က သူ့ဆီမှာ ပတ္တမြားလည်ဆွဲ ဆွဲကြိုးလာပေါင်တယ်၊ ပေါင်တဲ့အမျိုးသမီးက ရွာဘက်မှာနေတာပါ။

ဆွဲကြိုးရဲ့တန်ဖိုးလည်း မသိပါဘူး။ သူ့မိဘတွေမသေခင်ပေးခဲ့တဲ့ အမွေပစ္စည်းပါ။ ဆင်းလည်းဆင်းရဲရှာတယ်၊ လည်ဆွဲလေးပေါင်ပြီး ရောဂါသည် သူ့သမီးလေးကို ဆေးကုပေးချင်တာ။

ဒေါ်ငွေစီက ပတ္တမြားဆွဲကြိုးရဲ့ တန်ဖိုးကိုသိတယ်။ တန်ဖိုးအလွန်ကြီးပေမယ့် ဘာမှမတန်တဲ့ပုံစံနဲ့ ငွေမပြစ်စလောက်ပေးလိုက်တယ် ...

ရွာသူ အမျိုးသမီးက ရတဲ့ငွေလေးနဲ့ ရောဂါသည် သူ့သမီးကို ဆေးကုတာ ငွေမလောက်တော့ ထိထိရောက်ရောက်မကုနိုင်ဘဲ ကလေးကဆုံးသွားတယ်။

ကလေးသေပြီး ရက်လည်တော့ ကလေးက သူ့အမေကို အိပ်မက်ပေးတယ်။ ပတ္တမြားလည်ဆွဲကို ပြန်ရွေးပြီး တန်ခိုးကြီးဘုရားတစ်ဆူဆူမှာ လှူလိုက်ပါပေါ့။ သူ့အမေက ငွေမရှိတော့ ဘယ်လိုလုပ်ရွေးမလဲလို့မေးတော့ သူပေးမယ်လို့ ပြောတယ်။

အဲလိုနဲ့ သိပ်မကြာခင်မှာ ကလေးအမေရဲ့ ဦးလေးတော်တဲ့လူက ရန်ကုန်ကနေ ရွာရောက်လာတယ်။ ငွေကြေးပြေလည်သူဆိုတော့ ငွေတွေထောက်ပံ့ ပေးတယ်။ အဲဒီထောက်ပံ့ငွေနဲ့ ဒေါ်ငွေစီဆီမှာ သူပေါင်ထားတဲ့ ပတ္တမြားလည်ဆွဲပြန် ရွေးတယ် ... လောဘကြီးတဲ့ ဒေါ်ငွေစီက ပတ္တမြားတွေကို အတုနဲ့အစစ်လဲထားတယ်။



ကလေးအမေက ရွာပြန်ရောက်တော့ ညဘက် အိပ်မက်ပေးတယ်။ ပတ္တမြားလည်ဆွဲကို ဘုရားမလှူနဲ့ဦးလို့ပြောတော့ အမျိုးသမီးလည်း အိမ်မှာပဲသိမ်းထားတယ်။

ဒေါ်ငွေစီကတော့ အလကားရတဲ့ ပတ္တမြားတွေကိုကြည့်ပြီး တော်တော့်ကို ကျေနပ်နေတာ ...

သိပ်မကြာဘူး၊ ဒေါ်ငွေစီကို သေသွားတဲ့ကလေးက အိပ်မက်ပေးတယ်။ ပတ္တမြားတွေကို သူ့မိခင်ကို ပြန်ပေးပါပေါ့။ ဘုရားလှူမယ့်ပစ္စည်းမို့ ယူမထားကောင်းဘူးလို့ ပြောပေမယ့် ဒေါ်ငွေစီက လက်မခံဘူး။ ပိုင်ရှင်ဆီကိုလည်း ပတ္တမြားအစစ်တွေပြန်မပေးဘူး။

သုံးရက်လောက်နေတော့ ဒေါ်ငွေစီ ကားတိုက်ခံရတယ်။ ညာဘက်ခြေထောက် ဖြတ်လိုက်ရတယ်။

သေသွားတဲ့ ကလေးက အိပ်မက်ထပ်ပေးတယ်။ ပတ္တမြားတွေကို ပြန်ပေးပါပေါ့။ ဒေါ်ငွေစီက မပေးဘူး။ ခေါင်းမာနေတယ်။ ခြေထောက်တစ်ဖက်မရှိတော့တဲ့ ဒေါ်ငွေစီဟာ ဝိုင်ခွဲနဲ့သွားလာရင်း လှေခါးပေါ်ကပြုတ်ကျတာ ခြေထောက်နောက် တစ်ဖက် ဖြတ်လိုက်ရတယ်။

အခုလိုပဲ ဒေါ်ငွေစီကို အိပ်မက်ထပ်ပေးပြီး ပတ္တမြားတွေ တောင်းပေမယ့် ဒေါ်ငွေစီက ခြေနှစ်ဖက်လုံးတောင် ဆုံးရှုံးရသေးတာ မပေးဘူးဆိုပြီး ငြင်းပြန်တယ်။

ဒီတော့ ... ဒေါ်ငွေစီဘာဖြစ်လဲဆိုရင် သူ့အိမ်ဓားပြတိုက်ခံရတယ်။

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်ငွေစီလည်း အသတ်ခံရတယ်။ ဒေါ်ငွေစီအိမ်ကိုတိုက်တဲ့ ဓားပြတွေထဲမှာ ကလေးအမေ့ရှာကလူတစ်ယောက်ပါတယ်။

သူခေရတဲ့ ပတ္တမြားတွေကို ကလေးအမေကို ရှေးပေါ်ပေါ်နဲ့လာရောင်းပြီး ဓားပြလည်းအဖမ်းခံရတယ်။ အဲဒီအခါမှ ကလေးက အိမ်မက်လေးတယ်။ လည်ဆွဲက ပတ္တမြားအတုတွေပဲပြီး ဓားပြဆီကရတဲ့ ပတ္တမြားအစစ်နဲ့လဲပြီး တန်ခိုးကြီးဘုရားမှာ လှူလိုက်ပါလို့ပြောတော့ ကလေးအမေလည်း ပြောတဲ့အတိုင်း လှူလိုက်တယ်။

အဲဒီအချိန်ကစပြီး ကျေးတောသူ အမျိုးသမီးဟာ စီးပွားတွေတရိပ်ရိပ်တက်လိုက်တာ ဒေါ်ငွေစီ ချမ်းသာသလို ချမ်းသာသွားတယ်။ ဒါပေမယ့် ...

သူက ဒေါ်ငွေစီလို လောဘတွေတက်ပြီး မတရားမလုပ်ဘူး၊ ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်တွေလှူတယ်၊ မရှိတဲ့လူတွေကို ပေးကမ်းတယ်၊ သမီးတို့မြို့မှာ ဆိုရင် အဲဒီအမျိုးသမီးလှူထားတာ လက်ညှိုးထိုးမလွဲပါဘူး။

ဇာတ်လမ်းလေးကတော့ ဒါပါပဲဆရာမ။ အရမ်းထူးဆန်းပြီး ကမ္ဘာရဆန်တဲ့ ပရလောကနဲ့ဆက်နွယ်ပတ်သက်နေတဲ့ ဇာတ်လမ်းလေးကို ရေးပို့လိုက်ပါတယ်။

ဆရာမ ကျန်းမာပျော်ရွှင်ပါစေလို့ ...

ဆုအမြဲတောင်းလျက် ...

ဝတ်ရည်ချို

မုံရွာမြို့။





ဆရာမ မော်ကောရီ

ကျွန်တော်က စာရေးရတာ အရမ်းကိုဝါသနာပါပါတယ်။ စာရေးတဲ့ အလုပ်ဆိုတာလည်း သင်လို့တတ်နိုင်တဲ့ပညာမဟုတ်ဘူးလို့ ယူဆထားသလို စိတ်ကူးနဲ့ပါရမီအခံကောင်းမှ စာရေးနိုင်တာလို့ ထင်မိပါတယ်။

ဆရာမက ဇာတ်လမ်းအတိုလေးတွေ ရေးပို့ပေးဖို့ ဖိတ်ခေါ်ခဲ့တော့ ကျွန်တော်ကြုံခဲ့တဲ့ အတွေ့အကြုံတွေကို ကြိုးစားရေးသားပေးပို့လိုက်ပါတယ်။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကျွန်တော်ရေးပေးလိုက်တဲ့စာမူတိုလေးကို ဆရာမ ဖတ်ကြည့်ရင်ပဲ ကျေးဇူးတင်ပါတယ်။

ကိုသက်နောင်နဲ့မစံပယ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်တဲ့ ချစ်သူတွေပါ။

မစံပယ်မိဘတွေက ငွေကြေးပြည့်စုံသူတွေ ဖြစ်ပေမယ့် ကိုသက်နောင်ကတော့ အမေတစ်ခုသားတစ်ခု ဆင်းရဲပါတယ်။ ကိုသက်နောင်က ကျောင်းပညာရေး တစ်ပိုင်းတစ်စနဲ့ထွက်ပြီး မြင်းလှည်းမောင်းပါတယ်။

ဘုရားဈေးမှာ ပန်းရောင်းတဲ့ အမေကြီးက အသက်ကြီးလာတော့ အလုပ် သိပ်မလုပ်နိုင်တော့ ကိုသက်နောင်က တစ်လှည့်ပြန်လုပ်ကျွေးတဲ့သဘောပေါ့ ဆရာမရယ်။

ပညာလည်း ဖြစ်မြောက်အောင်မတတ်၊ ဥစ္စာဓနလည်းမပြည့်စုံတဲ့ ကိုသက်နောင်ကို မစံပယ်မိဘတွေက သဘောလုံးဝမတူဘူး။

www.burmeseclassic.com





မစံပယ်ရဲ့အစ်ကိုတွေ မောင်တွေကိုလည်း သတ်မယ် ဖြတ်မယ်လုပ်ကြတယ်။

မိခင်ကြီးကိုလည်း လူလယ်မှာ အရှက်တွေခွဲ၊ ကိုသက်နောင်ကိုလည်း ထိုးလိုက်ကြိတ်လိုက်လုပ်ကြတယ်။

ကိုသက်နောင်က သူ ဆင်းရဲလို့ အခုလို အနိုင်ကျင့်ခံရတာလို့တွေးပြီး မစံပယ်ကို သူပြန်လာတဲ့အထိစောင့်ပါလို့ပြောပြီး နယ်စပ်မှာအလုပ်သွားလုပ်တယ်။

ကိုသက်နောင်ရဲ့ ရိုးသားကြိုးစားမှုကြောင့် အဆက်အသွယ်ကောင်းတွေ ရပြီး သုံးနှစ်အတွင်းမှာ ကိုသက်နောင် အတော့်ကိုကြီးပွားသွားတယ်။

ကိုသက်နောင်ထွက်သွားတော့ မစံပယ်က တစ်နေ့ ကိုသက်နောင် သူ့ဆီ ပြန်လာနိုးနဲ့ စောင့်နေတာ တဖြည်းဖြည်းနဲ့ စိတ်ကျရောဂါရလာတယ်။

ကိုသက်နောင် မိခင်ကြီးကိုလည်း မစံပယ်က ကြည့်ရှုပါတယ်။ မစံပယ်မိဘတွေက မစံပယ်ကို သူတို့သဘောတူတဲ့လူနဲ့ လက်ထပ်ပေးဖို့ လုပ်ပေမယ့် မစံပယ်က လက်မခံဘူး။

ဒီတော့ …

ကိုသက်နောင်ကိုပဲ တနေတဲ့ မစံပယ်ကို ဂရုမစိုက်ဘဲထားတယ်။ မစံပယ်လည်း ကျန်းမာရေးမကောင်း ကိုသက်နောင်ဆီက အဆက်အသွယ်မရနဲ့ စိတ်ကျဝေဒနာအပြင်းအထန်ခံစားနေရာက သွက်သွက်ခါအောင် ရူးသွားတယ်။

ကိုသက်နောင် မြို့ကိုပြန်လာတဲ့နေ့မှာပဲ သူ့မိခင်ကြီးဆုံးတယ်။ ကိုသက်နောင် လက်ပေါ်မှာပဲ ဆုံးတာပါ။





သူ့ချစ်သူ မစံပယ်ကလည်း ရူးသွပ်နေတော့ ကိုသက်နောင်ရဲ့အမှုမီးက ဘယ်လိုမှ ထိန်းလို့မရဖြစ်ပြီး သူ့ပါလာတဲ့ ငွေနဲ့ပိုင်ဆိုင်တာတွေကို ဘုန်းကြီးကျောင်း ဆောက်ဖို့ အကုန်လှူပြီး သူ့ချစ်သူ မစံပယ်နဲ့ ဧရာဝတီမြစ်ထဲ ခုန်ချသွားတယ်။

ဆန်းကြယ်တာ သုံးရက်မြောက်နေ့အလောင်းပေါ်တော့ ကိုသက်နောင်နဲ့ မစံပယ်တို့ လက်ချင်းဆုပ်ထားတာ လုံးဝမပြုတ်ဘူး။ အလောင်းနှစ်လောင်းကိုခွဲဖို့က လက်တွေပြတ်မှရမှာဆိုတော့ မစံပယ်အစ်ကိုက ကိုသက်နောင်လက်ကောက်ဝတ်ကနေ လက်ပြတ်လိုက်တယ်။

ကိုသက်နောင် လက်ပြတ်က မစံပယ်ဆုပ်ထားတဲ့လက်ထဲပါသွားပြီး သင်္ဂြိုဟ်ရတယ်။ သင်္ဂြိုဟ်တော့လည်း ကိုသက်နောင်နဲ့မစံပယ်အလောင်းကို တစ်မြှုပ်တည်း မီးအတူရှို့ရတယ်။

ကျွန်တော်တို့မြို့မှာတော့ အဲဒီနာရေးက အစည်ဆုံးပါပဲ။ ညဘက်ဆို သူတို့နှစ်ယောက်ကို ဧရာဝတီကမ်းဘေးကသောင်မှာ လမ်းလျှောက်နေတာကို တွေ့တဲ့ လူတွေ တွေ့တယ်တဲ့။

လူတွေ သူတို့ကိုမြင်တာ သူတို့သိသွားရင် မြစ်ထဲကို ခုန်ချတော့တာပဲလို့ ပြောကြတာ ဒီနေ့ထိပါပဲ ဆရာမရယ် …

ကိုဇင်ဘိုအောင်
ညောင်ဦးမြို့

www.burmeseclassic.com

www.burmeseclassic.com





ဆရာမ မော်ကေရီ

ဆရာမက ဇာတ်လမ်းအတို ရေးပို့ပေးပါလို့ ဖိတ်ခေါ်တဲ့အတွက် ကျွန်တော် ကိုယ်တိုင် ကြုံခဲ့ရတဲ့ ပရလောကနဲ့ပတ်သက်တဲ့ ဇာတ်လမ်းလေးကို ရေးပို့လိုက်ပါ တယ်။

ဇာတ်လမ်းအတိုဟာ တကယ်တော့ ရေးရတာအလွန်ခဲ့ဘောင်ကျဉ်းတယ် လို့ထင်ပါတယ်။

ဆရာမက လွတ်လပ်စွာရေးခွင့်ရှိပါတယ်လို့ဆိုထားတော့ ကျွန်တော်က လည်း ရေးတတ်တဲ့ပုံစံအတိုင်း ရေးလိုက်တာပါ။ ရွေးချယ်ဖော်ပြခံရခြင်းထက် ကျွန်တော့်ရင်ထဲမှာရှိတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ရေးခွင့်ရလိုက်တဲ့အတွက် ကျေနပ်မိပါ တယ်။

ကျွန်တော့်မှာ ပန်းနုဝါဆိုတဲ့ သူငယ်ချင်း ကောင်မလေးတစ်ယောက်ရှိပါ တယ်။ ပန်းနုနဲ့ ကျွန်တော်က ငယ်ငယ်ထဲက အရမ်းခင်တဲ့သူငယ်ချင်းတွေပါ။

ပန်းနုက တခြားမိန်းကလေးတွေလို အလှအပမကြိုက်ဘူး။ စိတ်မကောက် တတ်ဘူး။ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောတတ်တယ်။

ကျွန်တော့်ကို အရမ်းသံယောဇဉ်ကြီးတယ်။ ကျွန်တော်တို့ ဆယ်တန်းကို အတူတူအောင်ပေမယ့် အမှတ်ကောင်းတဲ့ပန်းနုက စီးပွားရေးတက္ကသိုလ်တက်ခွင့်ရပြီး ကျွန်တော်က ရိုးရိုးမေဂျာနဲ့ တက်ခွင့်ရတော့ ကျောင်းချင်းကွဲသွားတယ်။

တက္ကသိုလ်တက်လို့ ဒုတိယနှစ်အရောက်မှာသင်းဇင်ဆိုတဲ့ကောင်မလေးနဲ့





ကျွန်တော် ရည်းစားဖြစ်သွားတယ်။ သင်းဇင်က မိန်းမဆန်တယ်၊ နုနုရွရွနေတတ်တယ်။ ပန်းနုနဲ့တော့ ဆန့်ကျင်ဘက်ပဲ။

သင်းဇင်နဲ့ကျွန်တော် ရည်းစားဖြစ်တာ ပန်းနုသိတော့ ပေါက်ကွဲတော့တာပဲ။ ကျွန်တော်နဲ့လည်း အကြီးအကျယ်စကားများတယ်။

တကယ်တော့ ပန်းနုက သင်းဇင်ထက် ပိုလှတယ်။ ဒါပေမယ့် ကျွန်တော်နဲ့ ငယ်ငယ်ထဲက အတူနေလာတဲ့ ပန်းနုရဲ့အလှကို ကျွန်တော်ခံစားလို့မရဘူး။

တစ်ရက် ကျွန်တော်မသိအောင် ပန်းနုက သင်းဇင့်ကိုတွေ့ပြီး သူပြောချင် ရာတွေပြောလိုက်တာ ကျွန်တော့်ကို သင်းဇင်က ဖြတ်လိုက်တယ်။ ကျွန်တော်လည်း ပန်းနုကိုပေါက်ကွဲတော့တာပဲ။

ပန်းနုက ကျွန်တော်ဘယ်လောက်ပြောပြော အပြုံးမပျက်ဘူး။ သူ့လုပ်ရပ် အတွက် ကျေနပ်နေတယ်။ ကျွန်တော့်ကို တစ်ခွန်းပဲပြောတယ်။ "နင်နဲ့သင်းဇင် ပတ်သက်တယ်ဆိုရင် ငါကိုယ်ငါ သတ်သေမယ်"တဲ့။

ကျွန်တော်လည်း ပန်းနုကို အမြင်ကတ်ကတ်နဲ့ သင်းဇင်ကို ရအောင်နှိုး လိုက်တယ်။

တကယ်ပါပဲ ဆရာမရယ် ...

အဲဒီနေ့မှာပဲ ပန်းနုတစ်ယောက် အိပ်ဆေးတွေအလွန်အကျွံသောက်ပြီး သေသွားခဲ့တယ်။ ပန်းနုက ကျွန်တော့်ကို သိပ်ချစ်မှန်း အချိန်လွန်မှသိရသလို ကျွန်တော်ကလည်း ပန်းနုကိုချစ်တယ်ဆိုတာ တမလွန်ရောက်မှသိရတာပါ။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဇင်နဲ့ကျွန်တော်လည်း မပေါင်းရပါဘူး။ သင်္ဇင့်မိဘတွေကခွဲပြီး ကျောင်းပါထုတ် နယ်ပြောင်းသွားတယ်။

ကျွန်တော် သင်္ဇင့်အတွက်မခံစားရဘဲ ပန်းနုအတွက် အမြဲကြေကွဲရပါတယ်။ ရည်းစားတွေထားလည်း အလိုလိုကွဲတာပဲ။ သူတို့တွေမှာ တူညီတာတစ်ခုက ကျွန်တော်နဲ့ကြိုက်တာနဲ့ ညဘက်ဆို အရိပ်မည်းမည်းနဲ့မိန်းမတစ်ယောက်ရဲ့ခြောက်လှန့်တာကို ခံရတယ်တဲ့။

ပန်းနုက ကျွန်တော့်ကို ဝိညာဉ်ဘဝရောက်တာတောင် တခြားကောင်မလေးတွေနဲ့ပတ်သက်မှာစိုးလို့ ခြောက်လှန့်နေတာလား၊ ဒါမှမဟုတ် ...

ကျွန်တော့်ကို လက်စားချေနေတာလား။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ကို ပန်းနု ဒီနေ့ထိချစ်နေတုန်းပဲဆိုတာ ကျွန်တော် ယုံနေပါတယ် ဆရာမရယ် ...

ဘုန်းမြတ်ထက်
တောင်ငူမြို့။

## ပါဝင်သောအခန်းများ


| | | |
|---|---|---|
| အခန်း | ၁။ | အိမ်ကြီးထဲကအသံ |
| အခန်း | ၂။ | ဝိညာဉ်ရုပ်တု |
| အခန်း | ၃။ | အလောင်းတစ်လောင်း |
| အခန်း | ၄။ | လာခေါ်တာပါ |
| အခန်း | ၅။ | ပရိတ်မရွတ်နဲ့ |
| အခန်း | ၆။ | ဝိညာဉ်နတ်မှာ |
| အခန်း | ၇။ | အစွမ်းစမယ် |
| အခန်း | ၈။ | အချစ်ခံရသူ |
| အခန်း | ၉။ | အစောင့်ရှိတယ် |


ရိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၀။ ထောင်ချောက်

အခန်း ၁၁။ ပျောက်သွားသောရုပ်တု

အခန်း ၁၂။ အဆုံးသတ်တဲ့နေ့

အခန်း ၁၃။ ပြန်ပို့ပေးပါ

အခန်း ၁၄။ အိမ်ကြီးရှင်ရဲ့ အမှာစကား

အခန်း ၁၅။ ရုပ်တုမင်းသမီး

အခန်း ၁၆။ ကာလပ်ပေါ်ရောက်ရင်


နိဂုံး

ခရင့်အောင်စာပေ

ကျွန်မ မော်ကေရီရေးတဲ့ စာအုပ်တွေကို စိတ်ဝင်ကစားနှင့် ဖတ်ကြတဲ့ ချစ်စွာသော စာဖတ်ပရိသတ်ကို အထူးပဲကျေးဇူးတင်ပါသည်။

မော်ကေရီဟာ ဓာတ်လမ်းတစ်ပုဒ်ရဖို့ မိုင်မည်မျှဝေးဝေး အခက်အခဲတွေ ဘယ်လိုပဲရှိရှိ သွားရောက်လေ့လာ၍ လက်တွေ့နှင့် စိတ်ကူးပေါင်းစပ်ပြီး ပရိသတ်သဘောကျ နှစ်ခြိုက်အောင် ရိုးရိုးသားသား တင်ပြထားတာပါ ...

အခုရေးတဲ့ ဝိညာဉ်ရုပ်တုနှင့် ရုပ်ပျက်အလောင်းဆိုတဲ့ဝတ္ထု ဟာလည်း မြန်မာပြည်အလယ်ပိုင်းက ကန်ပေါက်ရွာလေးမှာ တကယ် ဖြစ်ပျက်ခဲ့တာပါ ...

ကြောက်မက်ဖွယ်ရာ ချောက်ချားစရာတွေနဲ့ ပြည့်နှက်နေတဲ့ ဝတ္ထုလေးကို ပရိသတ်ကြီးအနေနှင့် အထိတ်တလန့်ဖြစ်ခဲ့လျှင် ကျွန်မ မော်ကေရီကပဲ တောင်းပန်ပါရစေရှင် ...

စာရေးတဲ့
ကျွန်မ
မော်ကေရီ

www.burmeseclassic.com

www.burmeseclassic.com

# ဒါဟာ ... အမှန်ဖြစ်နေတာလား

## အခန်း (၁)

## အိမ်ကြီးထဲကအသံ

ညကအလွန်မည်းမှောင်ကာနေသည်။ ညဥ့်ငှက်တစ်ကောင် တလေရဲ့ အော်မြည်သံကိုတောင်မကြားရ။ တိတ်ဆိတ်လွန်းလှ၏။ ဆောင်း ကာလဖြစ်တာကြောင့် အအေးဓာတ်ကစိမ့်နေအောင် ချမ်းအေးလွန်းလှ သည်။

ရွာကလူတွေရဲ့ ထုံးတမ်းအစဉ်လာအရ အခုလို ညဥ့်နက် သန်းခေါင်မပြောနှင့် နေဝင်ပြီး မကြာခင်မိုးချုပ်တာနှင့် မီးခွက်မှုတ်ကာ အိပ်ရာဝင်ကြသည်။

ဒါဟာလည်း ... နံနက်အာရုဏ်တက်မတိုင်မီ အိပ်ရာထ၍ နံနက်စာစား လုပ်ငန်းခွင်သို့ ဝင်ရခြင်းကြောင့်ဖြစ်လေ၏။

"ဟီး ... ဟီး ... ဟီး"

အလွန်တရာမှ ကျယ်လောင်လှသော ငိုသံကြီးကညည်သန်း ခေါင်ဆို ရွာထိပ်အိမ်မည်းကြီးဆီက ထွက်ပေါ်လာမြဲဖြစ်၏။

ရွာကလူတွေအတွက်တော့ ထိုအသံကြီးကအခဆန်းမဟုတ်တော့-



www.burmeseclassic.com

www.burmeseclassic.com



ထိုငြိုးသံကိုကြီးကို ကြားခဲ့ရသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာမြင့်ခဲ့လေပြီ ...

ထိုအိမ်မည်းကြီးမှာ ရွာထိပ်တွင်ရှိတာ အကျယ်အဝန်းမှာ ငါးဧကကျော်မျှ ကျယ်ဝန်းလှသည်။ ထိုခြံကျယ်ကြီးထဲမှာ သစ်ပင်ကြီးမျိုးစုံရှိသလို လှုနေတန်းလျား အဆောက်အဦများစွာရှိ၏။

ထိုအဆောက်အဦတို့ရှေ့မှာ ကြီးမားသော ဂိုဒေါင်သဖွယ် အဆောက်အဦ ရှိသည်။

ဂိုဒေါင်၏နောက်မှာတော့ အလွန်မြင့်မားလှသော အိမ်မည်းကြီး ရှိသည်။ အိမ်မဲကြီးမှာ ခေါင်နှစ်ခေါက်ဆက်ဖြစ်ပြီး နှစ်ထပ်ဖြစ်၏။

ထို အိမ်နှင့်ခြံကို ရွာမှလူတွေက နာမည်ပေးထား၏။ မဟူရာစံအိမ်တဲ့ ...

မဟူရာစံအိမ်တွင် ဦးစောနွယ်နှင့် ဒေါ်နန်းဝေတို့လင်မယားနေထိုင်ကြပြီး သူတို့တွင် နန်းကြာဖြူပွင့်သော သမီးချောလေးတစ်ယောက်ရှိသည်။

ဦးစောနွယ်မှာ ပန်းပုဆရာကြီးတစ်ဦးဖြစ်ပြီး တပည့်များစွာရှိသည်။

ဦးစောနွယ် ထုသည့် ပန်းပုလက်ရာများမှာ သက်ဝင်လှသလို အနုပညာလက်ရာ မြောက်လွန်းတာကြောင့် အလွန်ကျော်ကြားလှ၏။

ဦးစောနွယ်ဆီမှ ပန်းပုပညာလာရောက်သင်ယူကြသည့် အနယ်နယ်အရပ်ရပ်မှ တပည့်များမှာလည်း မနည်းလှ။ ထိုတပည့်များကို ဆရာကြီး ဦးစောနွယ်မှ ခြံဝိုင်းထဲတွင် တန်းလျားများဆောက်ကာ နေထိုင်စေပြီး ပန်းပုပညာကိုသင်ကြားပေးသည်။





ဆရာကြီး ဦးစောနွယ်တို့မိသားစုမှာ ရွာထိပ်ခြံကြီးထဲတွင် သီးသန့်နေထိုင်ပြီး ရွာနှင့်လုံးဝမပတ်သက်သလို သူတပည့်များကိုလည်း ရွာနှင့်မပတ်သက်ဖို့ တင်းကျပ်စွာ တားမြစ်ထားသည်။

ဆရာကြီး ဦးစောနွယ် ခြံကြီးထဲမှ ရွာနှင့်ပတ်သက်တာဆို၍ ဒေါ်ဖွားကောက်ဆိုသော အဝယ်တော် အဘွားကြီးတစ်ယောက်သာရှိသည်။

ဒေါ်ဖွားကောက်က ခြံထဲကလူတွေ စားဖို့သောက်ဖို့အတွက် တစ်ပတ်ကိုနှစ်ရက် ရွာထဲသို့ ဈေးဝယ်ထွက်လေ့ရှိသည်။

ထိုအခါမျိုး ရွာထဲကစပ်စုသူအချို့က မဟူရာခြံကြီးနှင့်ပတ်သက်သိချင်တာကို မေးသည့်အခါ ဒေါ်ဖွားကောက်က ဘယ်တော့မှမဖြေ။

စကားကို အပိုအလိုမရှိသာပြောတာကြောင့် ကြာတော့လည်း မမေးကြတော့ ... ။ ရွာကလူတွေ အသိချင်ဆုံးက ...

"မဟူရာခြံကြီးထဲမှာ ပန်းပုဆရာကြီး ဦးစောနွယ်မိန်းမ ဒေါ်နန်းဝေသေပြီး သရဲဖြစ်နေတယ်ဆိုတာ ဟုတ်လား ..."

"ညဘက် ... ညဘက် သန်းခေါင်အချိန်မှာ ငြိုးသံကြားရတာ ဒေါ်နန်းဝေက ငြိုးတာလား ..."

"မဟူရာခြံကြီးထဲက လူတွေ ရွာထဲဘာလို့မလာကြတာလဲ"

စသဖြင့် သူတို့သိချင်တာတွေ ပဟေဠိဖြစ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာလို့နေလေပြီ ... ။

သို့သော် ...

သူတို့တွေ ဘာမှမသိရ။ မဟူရာခြံကြီးအိမ်ရှေ့သို့ရောက်လျှင် ခြံထဲသို့ ရဲရဲတောင်ကြည့်ရဲကြတာမဟုတ် ... ကြည့်ရင်လည်း အထဲသို့ မမြင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ခပ်စိပ်စိပ်စိုက်ထားသော ဝါးရုံပင်များ၏ အမြင့်ကနည်းတာ မဟုတ်။

ဒါ့အပြင် ...

ညဘက် ခြံရှေ့က ဖြတ်လျှောက်သူတချို့က ခြံထဲတွင် ကြောက်မက်ဖွယ်ရာ မျက်လုံးနီနီရဲရဲကြီးများက သူတို့ကိုစိုက်ကြည့်သည်ဟု ဆိုလေသဖြင့် မဟူရာခြံကြီးမှာ ရွာသူရွာသားတွေအတွက် ပို၍ကြောက်စရာကောင်းလောက်အောင် ဖြစ်ခဲ့ရသည်။

လွန်ခဲ့သည့် တစ်နှစ်က မဟူရာခြံကြီးထဲမှ ဖိုးအောင်ဆိုသည့် သူတစ်ယောက် အနှင်ခံရပြီး ရွာထဲရောက်လာကာ သူပြောသည့် စကားများကြောင့် မဟူရာခြံကြီးကို ရွာသားများ ပို၍ထိတ်လန့်စရာ ဖြစ်ခဲ့ရလေတော့သည်။

❖❖❖



## ဖိုးအောင် ... ဘာတွေပြောလဲ ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ဝိညာဉ်ရုပ်တု

"အိမ်ရှင်တို့ … အိမ်ရှင်တို့ … "

ညကြီးအချိန်မတော် ခြံရှေ့မှလာနှိုးသံကြောင့် သူကြီးဦးသန်းစိုး မီးခွက်ကြီးကိုထွန်း၍ …

"ဘယ်သူလဲကွ … ဘာကိစ္စရှိလို့လဲဟေ့"

ပြန်မေးလိုက်ရာ ခြံဝမှ လူက …

"ကျွန်တော်ပါ သူကြီး ရွာထိပ်ခြံကြီးက အရေးကြီးလို့ပါ"

"ဟေ"

လုံးဝထင်မထားသည့်စကားကို ကြားတာကြောင့် သူကြီးအံ့သြသွားသည်။

သူဒီရွာမှာမွေးကတည်းက နေလာခဲ့တာ နှစ်ပေါင်းမနည်းတော့ မဟူရာခြံကြီးထဲက လူတွေ အခုလိုသူ့အိမ်လာတာ တစ်ခါမှမကြုံခဲ့ဖူး ဘယ်လိုအကြောင်းရှိလို့လဲ သိချင်လာတာကြောင့် …





"ဝင်ခဲ့လေ ခြံတံခါးကို မ ပြီးတွန်းလိုက် … ရတယ်"

"ဟုတ်ကဲ့ … သူကြီး … ဟုတ်ကဲ့"

သူကြီးလည်း မီးခွက်ကြီးကိုကိုင်ကာ အိမ်အောက်သို့ဆင်းလာ သည်။ အိမ်က မြေစိုက်အိမ်ဖြစ်တာကြောင့် အောက်ထပ်မှာ မြင့်မား၍ ထိုင်စရာ ထိုင်ခုံများချထားသည်။

သူကြီးလည်း စားပွဲပေါ်မီးခွက်တင်၍ -

"လာထိုင် မောင်ရင် … "

ပြော၍ ကြည့်လိုက်ရာ အသက်နှစ်ဆယ်ကျော်လူငယ် တစ်ယောက် အထုပ်တစ်ထုပ်ကို လက်ကဆွဲထားသည်။

"ပြောပါ မောင်ရင် … မောင်ရင်က ဒီရွာကတော့မဟုတ်ဘူး မလား … "

"မဟုတ်ပါဘူး … သူကြီး၊ ကျုပ်က မန္တလေးဘက်ကပါ"

သူကြီးကခေါင်းညိတ်လိုက်သည်။ ပြီးတော့ အုပ်ထဲကရေနွေးအိုးကြီးကိုထုတ်၍ အကြမ်းပန်းကန်ထဲငှဲ့ကာသောက်နေ၏။

ပြီးမှ …

"မောင်ရင် … မန္တလေးဘက်ကနေ ဒီရွာကိုဘာလာလုပ်တာ တုန်း … ရွာမှာအသိရှိလို့လား … ဒါမှမဟုတ် ဆွေမျိုးလား ကျုပ်ကို ပြော … "

"မဟုတ်ပါဘူး … သူကြီး၊ ကျုပ်ဒီရွာမှာ ပန်းပုပညာ လာသင်တာ … တစ်နှစ်ရှိပါပြီ … ရွာထိပ်ကခြံကြီးမှာလေ … "

"ဟော … "



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းပေါ်ရောက်တော့မည့် ဆဲဆဲ အကြမ်းပန်းကန်ကို စားပွဲပေါ်ပြန်ချကာ လူစိမ်းကို ခပ်စူးစူးကြည့်လိုက်သည်။

"ဟုတ်ပါတယ် ... သူကြီး ကျုပ်က မဟူရာခြံကြီးက ... ဆရာကြီးရဲ့ တပည့်တစ်ယောက်ပါ ... "

"ကျုပ် ဒီရွာမှာ မွေးတည်းကနေလာတာ အဲဒီခြံကြီးထဲက လူတွေ အစဉ်အဆက်ရွာနဲ့ ပတ်သက်ခဲ့ကြတာ မဟုတ်ဘူး ...

မောင်ရင်ပြောတဲ့ ဆရာကြီးဦးစောနွယ်ဆိုတာ နာမည်ပဲသိတာ အဲ ... တစ်ခုထူးဆန်းတာက ဦးစောနွယ်ဆိုတဲ့ နာမည်ကို ကျုပ်ငယ်ငယ်တည်းက ကြားခဲ့တာ ... အခု ကျုပ်အသက်ငါးဆယ်ကျော်ပြီ

အဲဒီလူရဲ့အသက်ကိုခန့်မှန်းချေ ... ကိုးဆယ်လောက်ရှိလောက်ပြီ ... တစ်ခါမှ မမြင်ဖူးဘူး ... မောင်ရင်က သူ့တပည့်ဆိုတော့ မြင်ဖူးမှာပေါ့ ... "

သူကြီးက သူသိထားတာကို ပြောရင်း မေးတော့ လူစိမ်း လူငယ်က ...

"ဟင့်အင်း ... ကျုပ်တို့လည်း မမြင်ဖူးပါဘူး"

"ဟင် ... အဲဒါဆို ပန်းပုပညာဘယ်လိုသင်လဲ"

သူကြီးအမေးကြောင့် လူငယ်မျက်နှာအောက်သို့ ငုံ့သွားသည် နှုတ်ဖျားကလည်း မပွင့်တပွင့်နှင့် ...

"အသံနဲ့ သင်တာပါ ဆရာကြီးက ဘယ်ပုံကို ဘယ်လိုအကြမ်းချရတယ် ... ဘယ်လိုသင်ယူရတယ်ဆိုတာ ညဘက် အလုပ်ရုံထဲက ရုပ်ထိုင်ရတဲ့ကြမ်းပြင်မှာ တပည့်တွေကို ထိုင်ခိုင်းပြီး ပြောပြတာပါ"





"ဟေ ... ပြောပြတော့ သူ့ကိုမတွေ့ဖူးလား"

"မတွေ့ပါဘူး အသံပဲကြားရတာ ... အလုပ်ရုံထဲမှာ ကြီးကြပ်တဲ့ ဦးအိုက်ပန်ဆိုတဲ့ အဘိုးကြီးရှိတယ် ... သူက မှာထားတယ် ကိုယ်လုပ်စရာရှိတာလုပ် ... မစပ်စုရဘူး ... လိုအပ်တာထက် ပိုမသိချင်ရဘူးတဲ့ ... "

သူကြီးက စိတ်ဝင်တစားနှင့်ခေါင်းညိတ်လိုက်သည်။

"ပညာစုံသွားတဲ့လူတွေ ပြန်တော့ ... ဘယ်လိုလုပ်လဲ"

"သစ္စာဆိုရပါတယ် ... ဒီပညာကို ဒီမှာသင်ခဲ့တယ်ဆိုတာ ဘယ်သူ့မှမပြောရဘူးလို့ ... "

"အဲလိုကိုး ... ကဲ ပြောပါဦး ... မောင်ရင်တို့ဆရာကြီးက မောင်ရင်တို့ကို ရွာနဲ့မပတ်သက်ရဘူးဆိုပြီး မောင်ရင်ကဘယ်လိုကြောင့် ဒီကိုရောက်လာတာလဲ ... "

"ကျုပ်ရဲ့ စပ်စုချင်တဲ့စိတ်ကြောင့် ကျုပ်မလုပ်သင့်တာလုပ်လို့ ကျုပ်ကို နှင်လိုက်တာပါ ... "

လူငယ်က အားငယ်တဲ့ လေသံနှင့်ပြောတော့ သူကြီးက အရိပ်အကဲကို ကြည့်၍ ...

"မောင်ရင်က ဘာတွေလုပ်ခဲ့လို့လဲ"

မေးလေရာ လူငယ်က တံတွေးကိုမျိုးချလျက် အိတ်ထဲက လက်တစ်ဆစ်သာသာ အလွန်လက်ရာမြောက်လှသည့် ပန်းပုရုပ်ကလေးကို သူကြီးအားပေး၍ ...

"ဒီပန်းပုရုပ်တုကို ဝိညာဉ်မယ်တော်ရုပ်တုလို့ခေါ်ပါတယ် ... ဝိညာဉ်တို့၏ မယ်တော်လို့လည်းပြောပါတယ် ... ခြံကြီးထဲက စည်းကမ်းဖောက်တဲ့လူတွေကို ဝိညာဉ်မယ်တော်ရုပ်တုပေးပြီး နှင်လွှတ်ပါတယ်...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူတွေကို ဝိဇ္ဇာဥ်မယ်တော်က ဒဏ်ခတ်တာပါ"

"ဘယ်လို ဒဏ်ခတ်တာလဲ"

"အသေဆိုးနဲ့ သေအောင်သတ်တာပါ _ သူကြီး"

"လွှင့်ပစ်လိုက်ပေါ့ ပေါင်ရင်"

သူကြီးစကားကို လူငယ်ကခေါင်းရမ်းလိုက်ပြီး ...

"လွှင့်ပစ်လည်း အိတ်ထဲပြန်ရောက်လာတာပဲ ... သူကြီး ကျုပ်မလွှတ်ပါဘူး ... ခံရမှာပါ ... ကျုပ်မှာ အမေနဲ့ညီလေး ညီမလေး တွေရှိပါတယ် ... လူကြုံရှိလို့ အပန်းမကြီးဘူးဆိုရင် ကျုပ်သေပြီဆိုတဲ့ အကြောင်း သူကြီးအကြောင်းကြားပေးပါ"

"ဟင်း ... "

ဝမ်းနည်းစွာပြောသည့် လူငယ်ကို စိတ်မကောင်းစွာကြည့်၍ သူကြီးက ဝိဇ္ဇာဥ်မယ်တော်ရုပ်တုကို ပြန်ပေးလိုက်သည်။ လူငယ်က သူ့အမည် သူ့နေရပ် လိပ်စာကိုပြောရာ သူကြီးကအသေအချာ မှတ်ထားလိုက်သည်။

"မောင်ရင့်နာမည် ဖိုးအောင်နော် ... မောင်ရင် ဟိုခြံကြီးထဲမှာ ဘာတွေလုပ်ခဲ့လို့လဲ ... "

"ကျုပ် ... ဘာ လုပ်တာလဲဆိုတော့ ... "

လူငယ်ကပြောမည်ပြုလိုက်စဉ် ...

"ရှီ ... ရှီ ... ရှီ"

"ဟာ ... လာ ... လာပြီ"

လေချွန်သံလိုလို မြွေတွန်မြည်သံလိုလို အသံကြားရပြီး လူငယ် ကမတ်တတ်ထရပ်၍ ကယောင်ချောက်ချားနှင့် ...





"သူကြီး ... ဟို ... ဟိုမှာ ... လာ ... လာနေပြီ"

ဖိုးအောင်ပြရာသို့ သူကြီးကြည့်သော်လည်း ဘာကိုမှမတွေ့ရ။

ဖိုးအောင်လက်ထဲတွင် ရုပ်တုကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ခြံထဲမှ ပြေးထွက်ကာ သွားလေတော့သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

# ဖိုးအောင်အလောင်း ဘယ်မှာတွေ့လဲ ?

## အခန်း (၃)
## အလောင်းတစ်လောင်း

"ဗျို့ ... သူကြီး ... သူကြီးရေ ... "

ညကအိပ်ရေးပျက်တာကြောင့် နေထွက်သည်အထိ မထသေးသည့် သူကြီးတစ်ယောက် အိမ်အောက်မှ နိူးသံကြောင့်ထလာသည်။ သူကြည့်လိုက်တော့ ဆယ်အိမ်ခေါင်းလှမြင့်နှင့် ရွာသားသုံးလေးယောက် –

"ဘာကိစ္စလဲ ... လှမြင့်"

"ရွာအပြင်လျှိုထဲမှာ အလောင်းတစ်လောင်းတွေ့လို့တဲ့ သူကြီး"

"ဟေ ... "

သူကြီး မျက်လုံးပြူးသွားသည်။ အလျင်အမြန်ပဲ စဉ်းစားလိုက်ရာ ညကဖိုးအောင်ဆိုတဲ့ လူငယ် သူ့ဆီလာကာ ပြောဆိုခဲ့သည်များကို နားထဲကြားယောင်လာသည်။

စားပွဲပေါ်တင်ထားသည့် အထုပ်ဆီအကြည့်ရောက်သွားပြီး –

"ဖိုးအောင်ဆိုတဲ့ သူငယ်မဖြစ်ပါစေနဲ့ ... "

---

ရိရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲကကြိတ်၍ဆုတောင်းကာ မျက်နှာကိုအလျင်အမြန်သစ်၍ ကိုယ်လက်သန့်စင်ကာ ဆယ်အိမ်ခေါင်း လှမြင့်တို့နှင့်အတူ လိုက်၍ လာသည်။

"ငလုံးနဲ့ ထယ်ကြီး ယာထဲအသွား ချေးတစ်ကောင်လျှိုထဲကြည့် ပြီး အူနေတာနဲ့ ကြည့်လိုက်တော့ လူတစ်ယောက်သေနေတာတွေ့တယ်"

"ရွာထဲကလား ... "

"ဟုတ် ... မဟုတ်တော့မသိဘူး ... မှောက်လျက်ကြီးဆိုတော့ ကျောပဲမြင်ရတယ်လေ"

ငလုံးက သူကြီးကိုဝင်၍ ပြောလေ၏။

သူတို့တွေလျှောက်လာကြရင်း ရွာပြင်လျှိုကြီးနားသို့ရောက်လာ ကြသည်။

လျှိုကြီးဟုသာခေါ်သော်လည်း အနက်မှာ ပေလေးဆယ်ကျော် ကျော်သာရှိ၏။ လျှိုထဲမှာတော့ ခြုံနွယ်တို့ပေါက်ရောက်နေသလို ဆူးပင် တချို့လည်းရှိ၏။

လျှိုထိပ်မှ အောက်သို့သူကြီးငုံ့ကြည့်လိုက်ရာ ...

"ဟင်"

ချုံပေါ်တွင်မှောက်လျက် ကျနေသောအလောင်းတစ်လောင်း ဆယ်အိမ်ခေါင်းလှမြင့်က ...

"တွေ့လား ... သူကြီး"

"အေး ... ငါ ငါသူ့ကိုသိတယ် ... တို့ရွာသားတော့ မဟုတ် ဘူး"

"ဘယ်လိုလုပ်မလဲ ... သူကြီး"





"တစ်ယောက်ယောက် အောက်ကိုဆင်းကွာ ... ကြိုးချည် အပေါ်ကဆွဲတင်မယ်"

သူကြီးကပြောတော့ ဆယ်အိမ်ခေါင်းလှမြင့်က အသင့်ပါလာသော ကြိုးခွေကို ငလုံးအားပေး၍ ...

"ငလုံး ... မင်းဆင်းကွာ"

"ရတယ် ... "

ငလုံးက ကြိုးကိုလက်မှချိတ်၍ လျှိုထဲသို့ဆင်းလို့သွားသည်။ အောက်ရောက်တော့ အလောင်းကို ခက်ခက်ခဲခဲ ကြိုးချည်လိုက်၏။ ပြီး ကြိုးတစ်ဖက်ကိုကိုင်ကာ လျှိုပေါ်ပြန်တက်လာသည်။

"သူကြီး ... အောက်ကလူရဲ့ တစ်ကိုယ်လုံး မည်းနက်နေတာ ဗျ"

"ဟင် ... ဘယ်လိုဖြစ်တာလဲ ... ကဲကွာ ... လာအားလုံး ဆွဲတင်ကြမယ်"

"ဟုတ်ကဲ့"

သူကြီးနှင့် သူ့လူများအလောင်းကို လျှိုပေါ်သို့ဆွဲတင်ရာ မကြာခင်မှာပဲ အလောင်းကလျှိုနှုတ်ခမ်းပေါ် ရောက်လာသည်။

"ဟိုကောင်လေးပဲ ... "

သူကြီးအတော့်ကို စိတ်မကောင်းဖြစ်သွားသည်။ လက်ထဲတွင်လည်း ညာဥ်မယ်တော်ရုပ်တုလေးကို ကျစ်ကျစ်ပါအောင်ဆုပ်လို့ထားသည်။

တစ်ကိုယ်လုံးမှာလည်း မည်းနက်လို့နေတာကြောင့် ဆယ်အိမ် ခေါင်းလှမြင့်က ...



www.burmeseclassic.com

www.burmeseclassic.com



"လျှို့ထဲဘာဆင်းလုပ်တာလဲ မသိဘူး ... မြွေပေါက်ခံရတာ အဆိပ်က တစ်ကိုယ်လုံးပျံ့နေတာလေ"

"ကိုလှမြင့်ကြီးကလည်း မြွေပေါက်ခံရရင် မြွေပေါက်တဲ့ဒဏ်ရာ ရမှာပေါ့ ... ဒဏ်ရာလည်းမတွေ့ပါဘူး"

ထယ်ကြီးက ခန္ဓာကိုယ်အနှံ့လိုက်ကြည့်ရင်းပြောရာ ဘာလို့ အခုလို သေသွားမှန်းမသိဖြစ်နေ၏။

သူကြီးက ...

"ကဲပါလေ ... အလောင်းကို သဂြိုဟ်ဖို့ရွာထိပ်ဇရပ်ကို သယ်ဖို့သာလုပ်တော့ ... ဒီ သူငယ်ကို ငါသိတယ် ...

သူ့ကို ကောင်းကောင်း သဂြိုဟ်ပေးတာပေါ့ကွာ ... "

သူကြီးကပြော၍ လူငယ်လက်ထဲ ကျစ်ကျစ်ပါအောင်ဆုပ်ထား သော ရုပ်တုကိုယူလိုက်လေတော့သည်။

❖❖❖



"မ ... မလုပ်ပါနဲ့ ... ကျွန်တော့်ကို မသတ်ပါနဲ့"

"ဟား ... ဟား ... ဟား"

သူကြီးခြံထဲက ဖိုးအောင်ပြေးထွက်လာပြီး သူ့ဆီကိုတစ်လှမ်း ချင်း လျှောက်လာသည့် နန်းဝတ်နန်းစား အဖြူရောင်ဝတ်စုံနှင့် အသက်နှစ်ဆယ် ကျော် မိန်းကလေးတစ်ယောက် ရှည်လျားလှသည့် သွားဆံပင်ကို ဖြန့်ချထား သည်။

"ကျွန်တော် မှားခဲ့ပါတယ် ... ကျွန်တော့်ကိုခွင့်လွှတ်ပါ"

ဖိုးအောင်ကပြောလည်းပြော ကြောက်လွန်း၍အသားတွေ တဆတ် ဆတ်တုန်နေ၏။

ပြီးတော့ ...

နောက်သို့လှည့်ကာ ထွက်ပြေးတော့သည်။

သို့သော်လည်း သူဘယ်လိုပင်ပြေးပြေး သူ့နောက်နားတွင် မင်းသမီး ဝတ်စုံနှင့် မိန်းကလေးကရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွာပြင် ခပ်လှမ်းလှမ်း လျှိုနားရောက်တော့ ပြေးရလွန်း၍ မောပမ်းစွာနှင့် ဖိုးအောင်လဲကျလို့သွားသည်။

"ဟား ... ဟား ... ဟား"

ဖိုးအောင်လဲကျတာကိုကြည့်၍ မိန်းကလေးက အားရပါးရရယ်မောလို့နေသည်။

"ကျွန်တော့်ကို မ ... မသတ်ပါနဲ့ ... ကြောက် ကြောက်လွန်းလို့ပါ"

ဖိုးအောင်ကပြောရင်း ပြောရင်း နောက်သို့ ဖင်ဆုတ် ဖင်ဆုတ်သွားရင်း လျှိုထိပ်သို့ရောက်လာသည်။

"ဟင်"

မိန်းကလေး၏ ခန္ဓာကိုယ်မှာ ရုတ်တရက် မြွေကြီးတစ်ကောင်ပုံပြောင်းသွားပြီး ကြီးမားသော ပါးပျဉ်းကြီးထောင်၍ ဖိုးအောင်ကိုပေါက် ချလိုက်ရာ ဖိုးအောင်လည်း ငယ်သံပါအောင်အော်၍ လျှိုကြီးထဲပြုတ်ကျ လို့သွားလေတော့သည်။

"အား ... "

"ဟင်"

ထိုမြင်ကွင်းက ရှင်းလင်းပီသစွာမြင်တာကြောင့် သူကြီးလည်း အိပ်နေရာမှ လန့်နိုးသွားသည်။

"ငါ ... ငါ ... အိပ်မက်မက်နေတာပါလား"

အချိန်ကို သတိထားမိတော့ သန်းခေါင်လောက်ပင်ရှိတော့မည်။ အိမ်မှာက ဇနီးဖြစ်သူ ဒေါ်သီတာနှင့် သမီးဖြစ်သည့်စံပယ်ဖူးတို့မရှိကြ





လွန်ခဲ့တဲ့နှစ်ရက်က ဒေါ်သီတာ မိဘများရှိသည့် ဝမ်းပေါက် ရွာသို့ သွားလည်နေကြသဖြင့် အိမ်မှာသူကြီးတစ်ယောက်တည်းသာရှိသည်။

သူ့မျက်လုံးထဲတွင်လည်း ဖိုးအောင်ရဲ့မျက်နှာကို မြင်လို့လာခဲ့ပြီးတော့ ...

ဖိုးအောင်ပြောခဲ့သည့် စကားများ ...

ထိုစကားလုံးများတွင် သူ့မိဘများဆီ အကြောင်းကြားပေးဖို့အကြောင်းကိုစဉ်းစားမိသည်။

"အင်းလေ ... ဘာပဲဖြစ်ဖြစ် အကြောင်းကြားပေးလိုက်တာကောင်းပါတယ် ... "

စိတ်ထဲက တွေးလျက်တော်တော်နှင့် အိပ်မပျော်အောင်ဖြစ်ရလေတော့သည်။

❖❖❖

www.burmeseclassic.com

ဖိုးအောင်ဝိညာဉ် ရွာထဲကလာလှည့်ပတ်တယ် ...

## အခန်း (၄)
## လာခေါ်တာပါ

ဖိုးအောင်အလောင်းကို သင်္ဂြိုဟ်တဲ့နေ့က လူအတော့်ကိုစည်ကားလွန်းလှသည်။

ဘာလို့လဲဆိုတော့ သူကြီးကိုယ်တိုင်နာရေးကို ဦးစီးဦးဆောင်ပြုတာကြောင့် ရွာသူရွာသားတွေက ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြခြင်းဖြစ်သည်။

အလောင်းကိုရွာပြင် ဇရပ်မှာထားတာကြောင့်လည်း သင်္ဂြိုဟ်တော့အလောင်းကိုရွာပြင် ညောင်ပင်ကြီးအောက်မှာ မြှုပ်နှံလိုက်သည်။

သင်္ချိုင်းက ရွာအနောက်မှာရှိတာကြောင့် ရွာကိုဖြတ်၍ အလောင်းကိုသယ်ဖို့ဆိုတာ မဖြစ်နိုင်တာကြောင့်ဖြစ်၏။

ငိုသူမရှိ တိတ်ဆိတ်စွာပြီးခဲ့သည့် ဖိုးအောင်ရဲ့နာရေးကို ထူးခြားစွာလိုက်ပို့သူတစ်ယောက်တော့ရှိသည်။

သူကတော့ မဟာရာမြို့ကြီးထဲက တစ်ဦးတည်းသောအမြင်တွက်ခဲ့ရသူ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဖွားကောက်ပင်ဖြစ်သည်။

ရွာသူရွာသားတွေက တအံ့တသြနှင့်ဒေါ်ဖွားတောက်ကို ဝိုင်းကြည့်ကြသော်လည်း ဒေါ်ဖွားကောက်က ဘယ်သူ့ကိုမှဂရုမစိုက် ...

မျက်နှာထားတင်းတင်းနှင့် သင်္ကြိုဟ်ခါနီး ဖိုးအောင်အလောင်းကိုသေချာစိုက်ကြည့်၍ မြေမြှုပ်သင်္ဂြိုဟ်ပြီးတော့ ပြန်ထွက်သွားသည်။

သူကြီးက ရွာသားတချို့အား ...

"နာရေးရက်လည်ကိုတော့ ဇရပ်မှာပဲလုပ်တာပေါ့ ... ဘာလို့လည်းဆိုတော့ သူနောက်ဆုံးနေခဲ့တာ ဟိုခြံကြီးဆိုပေမယ့် ဟိုခြံကြီးကလည်း ခွင့်ပြုမယ့်ပုံမပေါ်ဘူး ...

ရွာထဲကတစ်အိမ်အိမ်မှာ လုပ်ရင်လည်း နိမိတ်မကောင်းဘူးဒါကြောင့် ဇရပ်မှာပဲ နာရေးလုပ်ဖို့ ကျုပ်စိတ်ကူးတယ်"

"သူကြီးပြောတာ သင့်တော်ပါတယ် ... ဇရပ်မှာပဲလုပ်ပါ"

ဆယ်အိမ်ခေါင်း လှမြင့်ကထောက်ခံသလို ရွာလူကြီးတချို့ကလည်း ဝိုင်း၍ ထောက်ခံကြသည်။

"အဲဒီ အစီအစဉ်ကောင်းပါတယ် ... ရွာကဝိုင်းကူတာပေါ့"

"ကိုယ့်ရွာမှာဖြစ်တာ ကိုယ်တွေမှာတာဝန်ရှိပါတယ်"

တစ်ယောက်တစ်ပေါက်ပြောကြရင်း ဇရပ်မှာ ရက်လည်ဆွမ်းသွပ်ဖို့ကိစ္စမှာ အတည်ဖြစ်သွားသည်။

သူကြီးလည်း အိမ်ပြန်လာ၍ ခြေလက်ဆေး အနားယူနေစဉ် သူ့ခေါင်းထဲ စဉ်းစားမိလာသည်။

ဖိုးအောင်ရဲ့ အဝတ်အစားထုပ်နှင့်





သူမသေခင် အသေအချာမှာခဲ့တာက သူ့မိဘနှင့်ညီအစ်ကိုမောင်နှမများကို အကြောင်းကြားပေးဖို့ ဖြစ်သည်။ ဖိုးအောင်နေသည့် မန္တလေးဘက်ဆိုတာက နည်းတဲ့ခရီးမဟုတ် ...

ရွာကလူတွေ အနီးဆုံးဖြစ်သည့် မိတ္ထီလာကိုပင် တော်ရုံအကြောင်းမရှိလျှင် သွားတာမဟုတ် ...

ရွာနှင့် မိတ္ထီလာက မိုင်နှစ်ဆယ်ကျော်ဝေးသည်လေ ...

"အေးလေ ... ဘယ်လိုပဲဖြစ်ဖြစ် သူမသေခင် သေချာမှာခဲ့တာပဲ ငါကူညီရမှာပေါ့ ... "

စိတ်ထဲက ဆုံးဖြတ်ထားလိုက်၏။

ရွာကတော့ ညဦးနက်လာတာနှင့် ထုံးစံအတိုင်း အိပ်မောကျလို့နေသည်။

ထိုစဉ် ...

"အု ... ဝူး"

ရွာထိပ်ဘက်မှ ခွေးတစ်ကောင်၏ ဝူးဝူးဝါးဝါး အူလိုက်သည့် အသံကတိတ်ဆိတ်နေသော ညအမှောင်တွင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သူကြီးလည်း အိပ်နေရာမှ ဆက်ခနဲလန့်နိုးကာနားစွင့်ထားသည်။ ရွာမှာတော်ရုံခွေးအူလေ့ရှိတာမဟုတ် ... ။

အခု အူသည့်ခွေးအူသံက ထူးခြားလွန်းနေသည်။

"အု ... ဝူး ... "

ခွေးတစ်ကောင်ထဲကို အူတာ ကျန်ခွေးများက ထိုခွေးအူသံလိုလိုက်အူခြင်းမရှိ တိတ်ဆိတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


"အု ... ဝူး ... "

ခွေးအူသံက တဖြည်းဖြည်းနှင့် ရွာလယ်လမ်းမမှတစ်ဆင့် ရွာထဲဝင်လာသံကို ကြားနေရသည်။

"ခွေးအူတာမကောင်းဘူး ... ငါခြံရှေ့ရောက်လာရင် လောက်လေးဂွနဲ့ ပစ်မှ ... "

စိတ်ထဲမှတွေးကာ အိပ်ယာမှထ၍ ခြေရင်းတိုင်၌ချိတ်ထားသည့် လေးဂွကိုဖြုတ်၍ အိမ်ရှေ့ဝရံတာတန်းပေါ်တင်ထားသော ကျောက်ခဲကို ယူ၍ အဆင်သင့်လုပ်ထားသည်။

"အု ... ဝူး"

ခွေးအူသံက သူကြီးခြံနှင့် နီးသည်ထက်နီးလို့လာသည်။ ညအမှောင်ကြောင့် သဲသဲကွဲကွဲ မမြင်ရပေမယ့် အသံလာရာကို မှန်းဆကာ ပစ်၍ရသည်လေ ...

"အု ... ဝူး ... "

"ရော့ ... ကွာ ဒီလောက်တောင် ရွာထဲအူချင်တဲ့ခွေး သေစမ်း"

စိတ်ထဲကကြုံးဝါး၍ သုံးလေးချက်ဆင့်ကာ ပစ်လိုက်လေရာ

"ဖုတ် ... ဖုတ်"

"အမလေးဗျ ... သေပါပြီ သူကြီးရဲ့"

"ဟင်"

ခွေးအူသံကရပ်သွားသလို လွန်စွာကြောက်စရာကောင်းသည့် အသံကြီးထွက်ပေါ်လို့လာလေတော့သည်။

❖❖❖



"သူကြီးရေ ညက ဖွားလေးစိုးဆုံးပြီ ..."

"ဟော ..."

ဖွားလေးစိုး ဆိုတာက သူတို့ရွာတွင် အသက်အကြီးဆုံး အဘွားကြီး တစ်ယောက်ဆိုပေမယ့် ကျန်းမာရေးက အလွန်ကောင်းသည်။

သွားနိုင်လာနိုင် အလုပ်လုပ်နိုင်သည်။

အခုတော့ ဖွားလေးစိုးဆုံးပြီတဲ့ ... ဘယ်လိုကြောင့်လဲ ...

"ငပေါက် ... ငါဟိုတစ်ရက်က ဖွားလေးစိုးကို အိမ်ရှေ့က ဖြတ်သွားတာ ငါတွေ့ပါတယ် ... နေမကောင်းဖြစ်နေတယ်လို့ ငါမကြားပါဘူး ..."

"ဟုတ်တယ် ... သူကြီး ညကခွေးအူသံ သူကြီးကြားတယ် မလား ..."

"အေးလေ ... ကြားတယ် ဘာလို့လဲ"

"ခွေးအူပြီး မကြာဘူး ... ဖွားလေးစိုးဆုံးတာ အဲဒီခွေးအူတဲ့ အကြောင်း ရွာထဲမှာ ပြောနေကြတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ငပေါက်ကသတင်းစုံသည့် ရွာထဲလှည့်ပတ်လျှောက်သွားနေတာ အလုပ်လည်းလုပ်တာမဟုတ် ... ထန်းရည်ကို အချိန်ပြည့်သောက်ပြီး မူးနေသူလေ ...

"ပြောပါဦး _ ဘယ်လိုပြောနေကြလဲ"

"လျှိုထဲမှာ သေတဲ့ကောင် ရွာထဲကိုသရဲဖြစ်ပြီး ဝင်လာတာတဲ့"

"ဟင်"

သူကြီး အံ့သြသွားသည်။ သူကိုယ်တိုင်လောက်လေးဂွနှင့် ပစ်တာ အော်သည့်ပုံက ခွေးတစ်ကောင်အော်သလိုမဟုတ်ပဲ လူတစ်ယောက်၏ အသံလိုအော်သည်ဆိုတာ ညတည်းကသူသိခဲ့သည်မလား။

"ခွေးအူသံက ခွေးအဖြစ်အူတာမဟုတ်ဘဲ ... ဟိုကောင် အူပြီး ရွာထဲလှူဝင်ခေါ်တယ်ဆိုပဲ _"

"ဘယ်သူ မြင်လို့လဲကွာ"

"မြင်တဲ့လူတွေ မြင်တယ် သူကြီးရဲ့ ဘွားလေးစိုးတော့ပါသွားပြီ ... နောက်ထပ် ဘယ်သူတွေပါဦးမလဲ _ မသိဘူး"

ငပေါက်က သူ့အမြင် ရွာထဲက ရွာသူရွာသားတွေရဲ့အမြင်ကို ရှင်းပြ၏။ သူကြီးက သက်ပြင်းကိုချ၍ ...

"အခြေအနေ စောင့်ကြည့်ပါဦးမယ်ကွာ ...အခုထက် အခြေ အနေဆိုးလာရင်တော့ တစ်မျိုးတစ်ဖုံ စီစဉ်ရမှာပေါ့"

သူကြီးကပြောသာပြောရသည် ပရလောကသားများနှင့် ပတ်သက်၍ ဘယ်လိုတားဆီးရမလဲဆိုတာ စဉ်းစားလို့တောင် မရခဲ့ပါပေ။

◆◆◆



# သူကြီးကို ဖိုးအောင်ဘကလာမှာပဲ ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## ပရိတ်မရွတ်နဲ့

"သူကြီး ကျုပ်အဝတ်အစားထုပ်ရယ် ဝိညာဉ်မယ်တော်ရုပ်တု
လေးရယ်ကို ကျွန်တော် မိဘတွေဆီရောက်အောင် သွားပို့ပေးပါ ...

ကျုပ်သေသွားပြီဆိုတဲ့ အကြောင်းကိုလည်း ပြောပြပေးပါ"

သူကြီးရဲ့အမြင်တွေ ဝိုးတဝါးဆိုပေမယ့် ဖိုးအောင်ရဲ့ပုံရိပ်
အသေအချာမြင်နေရသည်။

ဖိုးအောင်က သူ့အိပ်ရာဘေးမှာထိုင်၍ ညှိုးငယ်သောမျက်နှာလေး
ပြောနေ၏။

"ကျုပ်အမေကြီးက ကျုပ်ကိုသိပ်ချစ်တာဗျ ... ပန်းပုဆ
တစ်ယောက် သိပ်ဖြစ်စေချင်တယ်လေ ... အခုတော့ ကျုပ်ဘဝက"

ဝမ်းနည်းစွာခေါင်းငုံ့သွားတဲ့ ဖိုးအောင်ကိုကြည့်၍ သူကြီး စိ
မကောင်း ...





"ကျုပ်ကို သင်္ဂြိုဟ်တဲ့ညက ရွာထဲကိုကျုပ်လာတယ် သူကြီးက
ခွေနဲ့ပစ်လို့ ကျုပ်ပြန်ပြေးခဲ့ရတယ် ... "

"ဟင်"

သူကြီးက ဖိုးအောင်မျက်နှာ အသေအချာကြည့်၍ စိတ်ထဲ
သိချင်လာတာနှင့် ...

"ဘွားလေးစိုးသေရတာ မောင်ရင်လာခေါ်လို့မလား"

မေးလေရာ ဖိုးအောင်က ...

"မဟုတ်ပါဘူး ... ကျုပ်ရွာထဲကအပြန် အဘွားကြီးတစ်ယောက်
ချုံဝထွက်လာပြီး ကျုပ်ကိုတွေ့လို့ လဲကျသွားတယ် ...

အင်းလေ ကျုပ်ကလည်း တစ္ဆေဘဝရောက်နေတာဆိုတော့
လူတွေလိုတော့ ဘယ်ကြည့်ကောင်းမလဲ ... ကြောက်စရာပုံစံကြီးဖြစ်နေ
သို့နေမှာပေ့ါ ... သူကြီးရယ် ... "

ဖိုးအောင်ရှင်းပြတာကို သူကြီးက ခေါင်းညိတ်လိုက်၏။

ပြီးတော့ ...

"မင်း အခုလိုပုံစံက ...

"အခုက သူကြီးကိုဝိညာဉ်ဘဝနဲ့ ပြောနေတာလေ ... ကျုပ်ပုံစံက
ဘယ်ပြောင်းမလဲ"

"ဟုတ်ပြီ ... ဘယ်လိုပဲဖြစ်ဖြစ် မောင်ရင့်ဆန္ဒကို ကျုပ်အမြန်ဆုံး
ကောင်အထည်ဖော်ပေးမယ် ... ရွာထဲကိုလည်း မောင်ရင်မလာပါ
...

မောင်ရင် ရွာထဲလာရင် ကံနိမ့်တဲ့သူတွေ မောင်ရင့်ကိုတွေ့တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးရပ်ပြီး သေသွားလိမ့်မယ် ... ''

သူကြီးပြောတာကို ဖိုးအောင်ကခေါင်းညိတ်ပြသည်။

''သူကြီး ကူညီပေးပါ နောက်လည်းကျုပ်ရွာထဲမလာတော့ပါဘူ

''မောင်ရင့်စကားတည်ပါစေ ... တကယ်လို့ မောင်ရင် ကျ စကားနားမထောင်ပဲ ရွာထဲအဝင်အထွက် လုပ်မယ်ဆိုရင် ဆရာတော်ေ ပင့်ပြီး ပရိတ်ရွတ်ပစ်ရမယ်''

ဖိုးအောင်က ပြာပြာသလဲ အမူအယာနှင့် ...

''ပရိတ်တော့ မရွတ်ပါနဲ့ သူကြီးရယ် ... ရွာထဲမလာနဲ့ဆို မလာ ဘူး ... ပရိတ်ရွတ်သံဟာ ကျုပ်တို့အတွက် သံရေပူလို ပူလှပါတယ် မရွတ်ပါနဲ့''

''အေး ... အေး ပြောတဲ့အတိုင်း ကတိတော့တည်ပါစေ''

''ဟုတ်ကဲ့ သူကြီး ကျုပ်လည်းသွားတော့မယ်''

ဖိုးအောင်ကပြော၍ သူကြီးမြင်ကွင်းမှပျောက်ကွယ်လို့သွားေ တော့သည်။

❖❖❖



''ဟင်''

သူကြီးက အိပ်ရာကဆတ်ခနဲလန့်နိုးပြီး ဘေးဘက်သို့ကြည့်ရာ ာကိုမှမတွေ့ရ ...

''ငါ ... အိပ်မက် မက်နေတာလား ... ငါ့ကို ဖိုးအောင် အကူ ညီလာတောင်းတာပဲ ... အေးလေ ဘာပဲဖြစ်ဖြစ် သူ့ဆန္ဒကိုငါလိုက်လျော မှာပေါ့ ... ''

တွေး၍ဆက်အိပ်ရာ ဘယ်လိုမှအိပ်မပျော်တော့ တောင်တွေး မြောက်တွေးနှင့် မနက်မိုးလင်းသွားသည်။

''ကိုသန်းစိုးရေ ... ကျုပ်တို့ပြန်လာပြီတော့ ... ''

''ဟေ''

ခြံဝမှ ဖနီး၏အသံကိုကြား၍ သူကြီးလည်း အိမ်ပေါ်မှအလျင် မြန်ဆင်းလို့လာသည်။

''မင်းတို့ စောလှချည်လား ... ''



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲဝင်လာသည့် လှည်းကိုကြည့်၍ သူကြီးကပြောလေ၏။ လှည်းပေါ်တွင် သူဖနီးသည့်နှင့်အတူ သမီးစပယ်ဖူး အသက်လေးဆယ် နီးပါးရှိသည့် လူလတ်ပိုင်း ယောကျ်ားတစ်ယောက်နှင့် လှည်းမောင်းသမား တို့ပါလာသည်။

"ကိုသန်းစိုးရေ ... ဒါ ကျုပ်မောင်ဝမ်းကွဲ မန္တလေးမှာနေတာ"

"ဟော"

သူကြီးစိတ်ထဲကြိတ်၍ ဝမ်းသာသွားသည်။

"လာ ... ထိုင်ကြ"

သူကြီးက ထိုင်ခုံတွင်နေရာပေးတော့ သူကြီးကတော်၏မောင်နှင့် လှည်းသမားမောင်တိုးတို့ ထိုင်ခုံ၌ဝင်ထိုင်ကြသည်။

"ထမင်းစားပြီးမှ ခရီးဆက်ကြပေါ့ ... ငါထမင်းနဲ့ဟင်းချက် လိုက်ဦးမယ်"

"ရပါတော် အစ်မ"

"ရပါတယ် လုပ်မနေနဲ့ မှတ်ကြီး ... နင်တို့ မိတ္ထီလာရောက်ဖို့ တောင် မနည်းလိုသေးတယ်"

သူကြီးကတော်က ပြောပြောဆိုဆိုနှင့် ထမင်းဟင်းကိုသွားချက် နေသည်။

သူကြီးက ရေနွေးကြမ်းနှင့်ဧည့်ခံ၍ ...

"မောင်မှတ်ကြီးက မန္တလေးပြန်မလို့လား ..."

"ဟုတ်ပါတယ် အစ်ကိုကြီး ... ရွာကိုမရောက်တာကြာလို့ လာလည်တာ ... အစ်မတို့သားအမိနဲ့ဆုံတယ်လေ ... အစ်မတို့ပြန်တော့ ...ခါတည်း မိတ္ထီလာလိုက်ပို့နိုင်းရတာ မိတ္ထီလာကနေ ကားနဲ့မန္တလေး ...မယ်လေ ..."

"အင်း ... တို့ရွာတွေက သွားရလာရတာ မလွယ်ဘူး ... ...ခေါက်တစ်ခေါက် ရောက်ဖို့ဆိုတာလည်း မလွယ်လှဘူးလေ"

"ဟုတ်တယ် ... အစ်ကိုကြီးရေ ဆွေမျိုးတွေကိုတွေ့ချင်လွန်း ...သာ လာရတာပါ ..."

မှတ်ကြီးကအလိုက်သင့်ရှင်းပြန်သည်။ သူကြီးက အိမ်အောက် ...ပ်စင်ပေါ်တင်ထားသည့် ဖိုးအောင် အထုပ်ကိုယူ၍ စားပွဲတင်ပြီး –

"မောင်မှတ်ကြီးကို အကူအညီ တောင်းချင်လို့ပါ ..."

မှတ်ကြီးက အထုပ်ကိုကြည့်၍ ...

"ဘာများလဲ အစ်ကိုကြီး"

"ဒီလိုပါ ဒီအထုပ်က ဖိုးအောင်ဆိုတဲ့ သူငယ်ရဲ့အဝတ်အစားထုပ် ပါ ... သူကတို့ရွာထိပ်က ခြံကြီးမှာ ပန်းပုပညာလာသင်ရင်း ဆုံးသွားတယ် လေ ..."

စသဖြင့် ဖိုးအောင်က အကြောင်းကိုစေ့စေ့စုံစုံ ရှင်းပြပြီး အိမ်ပေါ် တက်၍ သေတ္တာထဲထည့် သိမ်းထားသည့် ဝိညာဉ်မယ်တော် ရုပ်တုလေးကို ယူလာပြီး ...

"ခုန အစ်ကိုကြီးပြောတဲ့ လိပ်စာအတိုင်း ဖိုးအောင်မိဘတွေကို အထုပ်နဲ့ ဒီရုပ်တုလေးသွားပေးရင်း ဖိုးအောင်ဆုံးပြီဆိုတာ ပြောပေးပါ"

ပြောလေရာ မှတ်ကြီးက ရုပ်တုလေးကို အသေအချာကြည့်၍

"ဒီရုပ်တုလေးက အရမ်းလက်ရာကောင်းတာပဲ ... တလယ့်







www.burmeseclassic.com

www.burmeseclassic.com


သက်ရှိလို့တောင်ထင်ရတယ်''

''ဟုတ်တယ် မောင်မှတ်ကြီး တစ်ခုတော့ရှိတယ် ... ရုပ်တုကို မလေးမစားတော့မလုပ်မိစေနဲ့ ရုပ်တုမှာအစွမ်းသတ္တိတွေရှိတယ်လို့ ထင်တယ် ...

ဖိုးအောင် သေရတာလည်း ရုပ်တုကြောင့်ပဲ''

မှတ်ကြီးက ခေါင်းတစ်ချက်ညိတ်၍ ...

''စိတ်ချပါ အစ်ကိုကြီးပြောတဲ့ လိပ်စာအတိုင်း ကျူပ်ပစ္စည်းတွေ သွားပေးရင်း အကြောင်းကြားပေးပါ့မယ်''

''ကျေးဇူးပါပဲ ... မောင်မှတ်ကြီးရယ် ... ''

သူကြီးလည်း ကတိခံထားသည့်အလုပ်တစ်ခု ပြီးမြောက်သွား၍ ဝမ်းသာကာစိတ်ထဲပေါ့သွားသည်။ မှတ်ကြီးလည်း ထမင်းစားသောက်ပြီးတော့ ဖိုးအောင်ပစ္စည်းထုပ်နှင့် ရုပ်တုလေးအားယူကာ လှည်းမောင်း သမားနှင့်အတူ ခြံထဲမှထွက်သွားလေတော့သည်။

❖❖❖



# ရုပ်တုလေးယူသွားတဲ့ မှတ်ကြီးဘာပြုမလဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## ဗိုညာဉ်နတ်မှာ

မှတ်ကြီး မန္တလေးရောက်တော့ ဖိုးအောင် မိဘများရှိသည့် သူကြီး ပြောသည့် လိပ်စာအတိုင်း တံတားဦးဘက်မှာသွားရှာသည်။

ထိုအရပ်မှာက ခြံကျယ်ကြီးများရှိ၍ သီးနှံစိုက်ပျိုးကြသည်။ မှတ်ကြီးလည်း ရုပ်တုကိုကြည့်ရင်း အလွန်သဘောကျကာ လိုချင်တပ်မက် စိတ်တို့ဖြစ်လာသည်။

အဝတ်ထုပ်နှင့် ဖိုးအောင်တစ်ယောက် ဆုံးပြီဆိုတဲ့အကြောင်း ပြောဖို့ ဆုံးဖြတ်ပြီး ရုပ်တုကိုတော့ သူယူထားမည်ဟုတွေးထား၏။

လိပ်စာအရရှာရာ ကျယ်ဝန်းလှသည့်ခြံကျယ်ကြီး တစ်ခြံရှေ့ရောက် တော့ ခြံထဲသို့ကြည့်ရာ သေသေသပ်သပ်နှင့် သစ်သားအိမ်လေးတစ်လုံးကို တွေ့ရသဖြင့် အထဲသို့လှမ်း၍ ...

"အိမ်ရှင်တို့ရှိလား ... အိမ်ရှင်တို့"

"ဗျို ... "





အိမ်ထဲမှ ပြန်ထူးသံကြားရပြီး အဘွားအိုတစ်ဦး အိမ်ထဲမှ ထွက်လာ သည်။ မှတ်ကြီးက တရိုတသေနှင့် ...

"ကျွန်တော် ဖိုးအောင်မိတ်ဆွေပါ ... ဖိုးအောင်ပစ္စည်းလေး တွေပေးဖို့နဲ့ ဖိုးအောင်အကြောင်း ပြောချင်လို့ပါ"

"သားကြီး ... မိတ်ဆွေလား ... လာလေ ခြံထဲဝင်ပါ"

အဘွားအိုက ဝမ်းသာအားရခြံထဲခေါ်၍ အိမ်ထဲရောက်တော့ ကောင်းမွန်စွာဧည့်ခံ၏။

"ကဲ ... ပြောပါဦး လူလေး ... သားကြီးဘာမှာလိုက်လဲ"

မှတ်ကြီးကခေါင်းကိုငုံ၍ရှိမ်းလျက် ... နှုတ်ဆိတ်နေရာ အဘွား အိုက ...

"လူလေး ... သားကြီး ဘာဖြစ်လို့လဲ ... ပြောပါဦး အမေ ရင်တွေတုန်လိုက်တာ ... "

"အမေကြီးသား ဖိုးအောင်ဆုံးရှာပြီ ... "

"ဟင် ... "

အဘွားအိုက ရုတ်တရက်ကြောင်သွားသည်။ ပြီးနောက် ... မျက်ရည်များတွေတွေစီးကျလာပြီး ...

"ဘယ်လိုဖြစ်ရတာလဲ လူလေးရယ် ... အမေ့သားကြီး ပန်းပု ပညာတက်ပြီး ပြန်လာမယ့်နေ့ကို အမေမျှော်နေတာ အခုတော့"

"ဟုတ်ပါတယ် ... အမေကြီး ကျွန်တော်လည်း စိတ်မကောင်း ပါဘူး ... ဒီမှာ သူ့အဝတ်အစားနဲ့ အသုံးအဆောင်ပစ္စည်းတွေ"

မှတ်ကြီးက ပါလာသည့် အထုပ်ကို အဘွားအိုအားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါ အမေ့သားကြီး ပစ္စည်းတွေလား ... "

"ဟုတ်ပါတယ် အမေကြီး ကျွန်တော်လည်း စိတ်မကောင်းပါဘူး ... ဖိုးအောင် အလောင်းကိုတော့ ကန်ပေါက်ရွာပြင်ဘက်မှာ ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ထားပါတယ် ... "

"အေးပါကွယ် ... အမေလည်း သားကြီးကို မတွေ့ရတော့ဘူးပေါ့ ... "

အဘွားအိုကပြော၍ ငိုပြန်ရာ မှတ်ကြီးလည်း စိတ်မကောင်းလွန်း၍ ခဏကြာတော့ ...

"အမေကြီး ကျွန်တော်ပြန်ဦးမယ်"

"ဩော် ... အေး ... အေးပါကွယ် လူလေးက ဘယ်အရပ်မှာနေတာလဲ ... "

"မန္တလေး မြောက်ပြင်ဘက်မှာပါ"

"အေး ... အေး"

မှတ်ကြီးလည်း ခြံပြင်ထွက်လာတော့ အိတ်ထဲထည့်ထားသည့် ရုပ်တုလေးကို စမ်းကြည့်လိုက်သည်။

"အင်း ... ဒီရုပ်တုလေးက တစ်ခုခုထူးခြားသလိုလိုပဲ ... ငါ့ဆရာကိုတိုးအောင်ကို ပြကြည့်ရမယ် ... ငါ့အတွက် အသုံးဝင်ရင် ပွပြီ ... "

စိတ်ထဲကတွေးကာ အပြန်၌ ဆရာကိုတိုးအောင်ရှိရာ ဘုရားကြီးဘက်သို့ သွားလေတော့သည်။

❖❖❖



ဆရာကိုတိုးအောင်ဆိုတာ အထက်လမ်းဆရာလိုလို အောက်လမ်းဆရာလိုလို လူမျိုး အိမ်မှာလည်း နတ်ရုပ်၊ ဘီလူးရုပ်၊ ဘိုးတော်ရုပ် အစုံရှိသည်။

သူ့ကိုယုံကြည်သူတွေက အမွေးတိုင် ဖယောင်းတိုင် ငွေကြေးများ လှူဒါန်းကာ သူတို့ဖြစ်ချင်တာကို ဆရာကိုတိုးအောင်အား စီရင်ခိုင်းသည်။

မှတ်ကြီးက ဆရာကိုတိုးအောင်ကို အလွန်ယုံကြည်သည်။ မှတ်ကြီးဆိုတဲ့လူကလည်း အလောင်းအစား အကုန်လုပ်သည်။ ဖဲရိုက်၊ ကြက်တိုက်၊ လေးကောင်ဂျင် အကုန်ရ၏။

ဆရာကိုတိုးအောင်ပေးတဲ့ အဆောင်ကိုမှတ်ကြီးယူ၍ လောင်းကစားလုပ်ရာ နိုင်သည်များရှိသလို ရှုံးသည်များလည်းရှိသည်။

နိုင်တာကများတော့ ဆရာကိုတိုးအောင်ကိုပို၍ ယုံကြည်လာသည်။

"ဆရာတိုးကို ပြစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပေါ"

ဆရာကိုတိုးအောင် အိမ်ပေါ်ရောက်ရောက်ချင်း မှတ်ကြီးက ပြောလေရာ ဆရာကိုတိုးအောင်က ...

"ဘာပြမှာလဲ မှတ်ကြီး"

မှတ်ကြီးက သူ့အကျႌအိတ်ထဲမှ ရုပ်တုလေးကိုထုတ်၍ ဆရာကိုတိုးအောင်အားပေးလိုက်၏။

"ဒီမှာလေ ဆရာ ကျွန်တော်ရှာကရခဲ့တာ"

"ဟင်"

ဆရာကိုတိုးအောင်က ရုပ်တုလေးကို ကိုင်ထားရင်းအသားတွေ တဆတ်ဆတ် တုန်လာသည်။

မျက်လုံးကိုလည်း မှိတ်ထား၏။

မှတ်ကြီးကတော့ ဆရာကိုတိုးအောင်ကို ငြိမ်၍ကြည့်နေသည်။ ပြီးနောက် ...

ဆရာကိုတိုးအောင်က မျက်လုံးကိုဖွင့်၍ ...

"ဝိဇ္ဇာဥ်တွေနဲ့ ပတ်သက်တဲ့ ရုပ်တုကိုပါ သာမန်ရုပ်တုတော့ မဟုတ်ဘူး ... ထူးခြားတယ်"

"ဆရာ ... ကျွန်တော့်အတွက် အသုံးဝင်မလား"

"သုံးတတ်ရင်ဝင်ပါတယ် ... ငါ မန်းကြိုးချည်ပေးလိုက်မယ် မင်းလိုတာနိုင်းပေတော့ ... "

"ကျေးဇူးပဲ ... ဆရာ ... ကျေးဇူးပဲ"

မှတ်ကြီးက အားရဝမ်းသာပြောသည်။





ဆရာကိုတိုးအောင်က ကန်တော့ပွဲထဲမှ ကြိုးနီတစ်ချောင်းကို ဂါထာမန္တန်တို့ကို မန်းမှုတ်ကာ ရုပ်တုလေး၏ ကိုယ်ပေါ်တွင်ကြိုးနီစကို ရစ်ချည်နေသည်။

အချိန်နာရီဝက်ခန့်ကြာတော့ ...

"ကဲ ... ရပြီ မှတ်ကြီး သူ့ကိုကောင်းကောင်း အသုံးချပေတော့"

"ကျေးဇူးကြီးလှပါတယ် ... ဆရာရယ် ... "

မှတ်ကြီးက အိတ်ထဲမှ ပိုက်ဆံတချို့ကို ထုတ်၍ ဆရာကိုတိုးအောင်အား ကန်တော့လိုက်သည်။

"တစ်ခုတော့ မှာလိုက်မယ် မှတ်ကြီး"

"ပြောပါ ဆရာ"

"သူ့ကို လပြည့် လကွယ်ညတွေမှာ ကြက်ဖို ကြက်မနဲ့ နို့စိမ်း တစ်ခွက်တိုက်ရမယ်"

"တိုက်မယ် ဆရာ ... တိုက်မယ်"

မှတ်ကြီးက အားရဝမ်းသာ ကတိပေးသည်။

ဆရာကိုတိုးအောင်က ဆက်၍ ...

"သတိထားရမှာက မန်းကြိုးလုံးဝမပြုတ်စေနဲ့"

"ဘာလို့လဲ ... ဆရာ"

"မန်းကြိုးပြုတ်ရင် မင်းဒုက္ခရောက်ပြီမှတ်ပါ ... ကံမကောင်းရင် မင်းဝိဇ္ဇာဥ်တောင် နုတ်သွားလိမ့်မယ် ... "

"ဗျာ ... "

မှတ်ကြီး မျက်လုံးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဗျာနဲ့ ... မန်းကြီးမပြုတ်အောင် ဂရုစိုက်သွားတော့"

"ဟုတ်ကဲ့ ... ဆရာ"

မှတ်ကြီးလည်း ရုပ်တုလေးကိုတရိုတသေကိုင်ကာ ဆရာကိုတိုး အောင်အိမ်မှ ထွက်လာခဲ့တော့သည်။

❖❖❖



## မှတ်ကြီး ဘာဝ ဘယ်လိုပြောင်းလဲသွားလဲ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

**အစွမ်းဆယ်**

မှတ်ကြီးတွင် အသက်ခုနစ်ဆယ်အရွယ် ဖခင်ကြီးရှိသည်။

ဖခင်ကြီးက အသက်အရွယ်အရ အိုမင်းလှသလို မျက်လုံးကလည်း မကောင်းရှာ။

မှတ်ကြီးတစ်ယောက် အသက်လေးဆယ်ရောက်မှ ဘာစိတ်ကူး ပေါက်သည်မသိ ... သူတို့အရပ်ထဲသို့ လွန်ခဲ့သည့် ခြောက်လလောက် ကပြောင်းလာသည့် စန္ဒာခင်ဆိုသော အသက်နှစ်ဆယ်ဝန်းကျင် အရွယ် ကောင်မလေးကို သဘောကျနေသည်။

အလောင်းအစားမက်လွန်းသူ ရုပ်ရည်ကြမ်းတမ်းသူဖြစ်လို့ စန္ဒာခင် ဆိုတဲ့ ကောင်မလေးက မှတ်ကြီးကိုလုံးဝစိတ်မဝင်စား ...

မှတ်ကြီးကတော့ စန္ဒာခင်ကို အသေရရ အရှင်ရရလိုချင်နေသ လေ ...





မှတ်ကြီးတစ်ယောက် ဆရာကိုဝိုးအောင်အိမ်ကပြန်လာပြီး စန္ဒာခင် တို့ အိမ်ရှေ့ရောက်တော့ စန္ဒာခင်ကို လှမ်းကြည့်လိုက်သေးသည်။

သို့သော် ...

စန္ဒာခင်ကို လုံးဝမတွေ့ရ ...

"ကိုမှတ်ကြီး ဘယ်ကပြန်လာသလဲ ... မတွေ့တာတောင် အတော်ကြာနေပြီ ..."

မျက်နှာချင်းဆိုင်မှ လျှောက်လာသည့် အရက်သမားအေးမြင့်က မှတ်ကြီးအား လှမ်းနှုတ်ဆက်သည်။

"ရွာသွားနေတာကွ ..."

"ကိုမှတ်ကြီး ခင်ဗျားကို သတင်းထူးပြောရဦးမယ် ... သတင်းထူး ဗျ ..."

အေးမြင့်က အနားကပ်၍ တိုးတိုးပြောရာ မှတ်ကြီးက ...

"ဘာလဲကွ ... သတင်းထူး ..."

"စန္ဒာခင် လင်ယူတော့မယ် ... နန်းရှေ့မှာနေတဲ့ သူဌေး တစ်ယောက်နဲ့လို့ သတင်းကြားတယ် ..."

"ဘာကွ ... ဒါနောက်စရာလား ..."

မှတ်ကြီးက စိတ်ဆိုးဆိုးနှင့် အေးမြင့်၏လည်ပင်း အင်္ကျီစ ဆွဲကိုင်ကာ မေး၏။

"ကို ... ကိုမှတ်ကြီးကို ကျွန်တော်မနောက်ပါဘူး ... အရပ်ထဲမှာ ဘယ်သူ့မေးမေး မေးလို့ရပါတယ်"

"အဟုတ်နော် ..."

"အဟုတ်ပါ ... ကိုမှတ်ကြီးရယ် ကျွန်တော်ပြောတာ မဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သလို အပြစ်ပေးပါ ... ''

''မင်း ... စကားတည်ပစေ ... ''

မှတ်ကြီးက အေးမြင့်ကို ဆောင့်တွန်းရင်းထွက်လာသည်။ စိတ်ထဲမှာလည်း ဒေါသထွက်နေသည်။

''တောက် ... ''

ခံပြင်းစိတ်ကြောင်လည်း တောက်ခေါက်လိုက်သည်။

''ဟင်''

ရုတ်တရက် ရုပ်တုကိုသူသတိရသွား၏။ စိတ်ထဲမှာလည်း အကြံရသွားလေရာ ...

''ဟုတ်ပြီ ... ငါ့ရဲ့ပထမဦးဆုံး ပွဲဦးထွက်အနေနဲ့ သူ့ကိုအသုံးချရမယ်''

စိတ်ထဲ၌ကြိတ်ပြောကာ အိမ်သို့ ခြေလှမ်းကျဲကြီးဖြင့်လျှောက်လာစဉ် ...

''အဖေ့အတွက် ဟင်းဝယ်သွားရမယ်''

သူ့ဖခင် ထမင်းစားဖို့ ဟင်းကိုဝယ်ရန် လမ်းထိပ်ရှိ ဒေါ်ပုမ ဆိုင်သို့ ဝင်လာသည်။

''ကြက်သားနဲ့ ထမင်းနှစ်ပွဲပေး ... ဒေါ်ပုမ၊ လိုက်ပွဲတစ်ထုပ်ပါထည့်လိုက်''

''အေး ... အေး ... မှတ်ကြီး ... ပြောရဦးမယ် ... မှတ်ကြီး နင်ကြိုက်နေတဲ့ စန္ဒာခင်ဆိုတဲ့ကောင်မလေး လင်ယူတော့မယ် ... ''

မှတ်ကြီးက ... ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်ပြီး ဘာမှမဖြစ်သလို နှင့်





''ဘယ်သူနဲ့လဲ ... ကျုပ်နဲ့လား၊ ကျုပ်တောင် ဘာမှမစီစဉ်ရသေးဘူး''

''ဘယ်ကလာ ... သူဌေးနဲ့ယူမှာ ကောင်မလေးကရုပ်ရှိတော့ သူဌေးကတင်တောင်းတယ်ဆိုလား ... ကောင်းပါတယ် အရုပ်ထဲက မဟုတ်တဲ့ကောင်တွေနဲ့ညားရင် ထမင်းငတ်မှာ''

ဒေါ်ပုမက မှတ်ကြီးကိုရွဲ့စောင်းကာပြော၏။ မှတ်ကြီးစိတ်ထဲ မခံချင်ဖြစ်ပေမယ့် အပြုံးမပျက်ဘဲ ...

''ဒေါ်ပုမစောင့်ကြည့်နေပါ ... စန္ဒာခင် သူဌေးနဲ့မယူစေရဘူး ကျုပ်နဲ့ယူမှာ ... ''

''ဘာလဲ ... နင်က ဓားထောက်နိုးမလို့လား၊ မလုပ်နဲ့ မှတ်ကြီး သူ့အဖေက အငြိမ်းစားရဲအရာရှိ နင်ထောင်ထဲသွားနေရမယ်''

''ဓားထောက်လည်းမနိုးဘူး ... သူ့ဘာသာ ကျုပ်အိမ်ပေါ် တက်လာလိမ့်မယ်''

ဒေါ်ပုမ ထမင်းထုပ်များကို မှတ်ကြီးအားပေး၍ သူ့ရင်ဘတ်ကို လက်နှင့်ဖိ၍ ...

''အမလေးဟဲ့ ... မတန်ရာပြောတယ် နားရှိလို့သာကြားရတယ် ... ကြားတဲ့နား ဝွမ်းနဲ့ဆို့ထားချင်တယ်''

''ဆို့မထားနဲ့ မှတ်ကြီးမင်္ဂလာဆောင်ရင် နားကပ်မပန်ရပဲနေမယ် ... ''

မှတ်ကြီးကပြော၍ ထမင်းဟင်းထုပ်ကိုဆွဲ၍ ဒေါ်ပုမဆိုင်မှထွက်လာခဲ့လေတော့သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို ... စန္ဒာခင်ဆိုတဲ့ကောင်မလေး မှတ်ကြီးအိမ်က မဆင်းတော့ဘူး ... ဟုတ်လား"

"ဟုတ်တယ် ... ကျွန်မဖြင့် ယုံတောင်မယုံဘူး ... ကောင်မလေးက နုနုချောချောလေး မှတ်ကြီးက ကြမ်းကြမ်းတမ်းတမ်း အရင်က ကောင်မလေး သူ့ကိုကြည့်မရပါဘူး"

အရပ်ထဲမှာ စန္ဒာခင် မှတ်ကြီးအိမ်ပေါ်ရောက်နေသည့် သတင်းက နေရာတိုင်းမှာ ကြားနေရသည်။

တချို့က မယုံ၍ မှတ်ကြီးအိမ်နားတစေ့တစောင်းသွားကြည့်တော့ မှတ်ကြီးကိုနှိပ်နယ်ပေးနေသည့် စန္ဒာခင်ကို အံ့သြစွာတွေ့ရသည်။

"မျက်စိရှိလို့သာ မြင်ရတာ ယုံတောင်မယုံပါဘူးကွာ ... ကောင်မလေးက လင်ယူမယ့်ဆဲဆဲ ... ဘယ်လိုလုပ် မှတ်ကြီးဆီရောက်သွားတာလဲ ..."

"ကျွန်တော်ကြားတာတော့ ကောင်မလေးက ညဘက်ကြီး သူ့အထုပ်ဆွဲပြီး မှတ်ကြီးအိမ်ပေါ်တက်သွားတာ"





"သူ့မိဘတွေ ဘာမှမပြောဘူးလား"

"ရှက်လို့တဲ့ ... အဲ ... ကျွန်တော်ကြားတာတော့ ဒီညနေ အရပ်လူကြီးတွေရယ် _ သူနဲ့ယူမယ့်ကောင်လေးရယ်နဲ့ လာခေါ်မယ် ပြောတာ ..."

"ပွဲကြီးပွဲကောင်းပဲ စောင့်ကြည့်ရမယ် ... ဒီတစ်ခါ မှတ်ကြီး ဘာကယ်မှတ်မှာပါကွာ ..."

အရပ်ထဲက ဘယ်လိုပဲပြောနေပါစေ _ မစန္ဒာခင်ကတော့ မှတ်ကြီးကို ချစ်လို့ကိုမဝ ... အနားကလည်းမခွာ ...

"ကိုကြီးနော် စန္ဒာကိုဘယ်တော့မှ မခွဲရဘူး ... ကိုကြီး စန္ဒာ့အနားမှာမရှိရင် စန္ဒာကိုယ့်ကိုကိုယ် သတ်သေမှာ ..."

"စန္ဒာကို ကိုကြီးမခွဲပါဘူး ... ဒါပေမယ့် အလုပ်လုပ်ရဦးမယ်လေ"

"ကိုကြီး အလုပ်လုပ်ရင် စန္ဒာလိုက်ခဲ့မှာပဲ"

စန္ဒာခင်က အိမ်ရှေ့မှာတောင် မှတ်ကြီးရင်ခွင်ထဲဝင်ကာ ကန့်လန့်နှင့်ပြောသည်။ မှတ်ကြီးက စန္ဒာခင် ကျောလေးကိုပုတ်လျက် –

"စန္ဒာလိုက်လို့ မဖြစ်ပါဘူး"

"ဟင့်အင်း ... လိုက်မှာပဲ"

"ကိုကြီး အလုပ်က ဖဲရိုက်၊ ကြက်တိုက်တာလေ ... ယောက်ျားတွေချည်းပဲ စန္ဒာလိုက်လို့ဘယ်ဖြစ်မှာလဲ ..."

စန္ဒာခင်က မျက်လုံးလေးကို ဝင့်ကာ ...

"ကိုကြီးနဲ့အတူ ကိုကြီးလုပ်တာတွေ လိုက်လုပ်မှာပေါ့"

www.burmeseclassic.com

မှတ်ကြီးက စန္ဒာခင်ကိုယ်လေးကိုထွေးပွေ့ထားသည်။ အိမ်ရှေ့မှာဖြစ်ပေမယ့် သူတို့က မိုးမမြင်လေမမြင်ဖြစ်နေသည်။

အရပ်ထဲကလူတွေကတော့ သူတို့ကိုမမြင်ချင်အဆုံး —

"စန္ဒာလေ အရင်က ကိုကြီးကို ကြည့်လို့မရဘူး ... ဖဲသမားကြက်သမားဆိုပြီး အရမ်းမုန်းတာ ..."

"အခုရော ..."

"ဘယ်လိုကြောင့်လည်းမသိဘူး ... ဟိုတစ်ရက်ညက ကိုကြီးအကြောင်းတွေးမိပြီး အရမ်းတွေ့ချင်လာတယ် —

နောက်နေ့ရောက်တော့ မနေနိုင်တော့ဘူး — ကိုကြီးရဲ့ မျက်နှာပဲမြင်နေတယ်"

"အဲဒါနဲ့ အိမ်ကဆင်းလာတာပေါ့ ..."

"အဟုတ်ပေါ့ ... စန္ဒာ ကိုကြီးနဲ့နေရတာ ပျော်တယ်သိလား"

"အင်းပေါ့ ..."

မှတ်ကြီးကတော့ သဘောအကျကြီးကျနေလေတော့သည်။

❖❖❖



ကောင်မလေး သူ့မိဘတွေနောက်ပြန်လိုက်သွားလား ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## အချစ်ခံရသူ

"ဟေ့ကောင် မှတ်ကြီး ... မှတ်ကြီးရေ"

အိမ်ရှေ့မှခေါ်သံကြောင့် အိမ်နောက်ဘက်တွင် ထမင်းစားနေသော မှတ်ကြီးထ၍ အိမ်ရှေ့ထွက်လာသည်။

"ဟင်"

အိမ်ရှေ့တွင် တွေ့လိုက်ရသည့် လူတွေကြောင့် မှတ်ကြီးလန့်လို့သွား၏။ စန္ဒာခင်၏ မိဘများ အရပ်လူကြီးများ လူငယ်သုံးလေးယောက်တို့ အိမ်ပေါ်တက်လာသည်။

စန္ဒာခင် ဖခင်က မှတ်ကြီးအား ...

"ဟေ့ကောင် ... ငါ့သမီး ဘယ်မှာလဲ"

"ရှိ ... ရှိပါတယ်"

"ရှိရင်ခေါ်ပေးစမ်း ... မိဘကိုအရှက်ခွဲတဲ့ကောင်မတွေ့မယ်"

အရပ်လူကြီးတွေ စန္ဒာခင်မိဘတွေနှင့် နဖူးတွေ့ဒူးတွေ့ဆိုတော့ မှတ်ကြီးလန့်နေသည်။





"ဟုတ်ကဲ့ ... ခေါ်ပေးပါ့မယ်"

မှတ်ကြီး အိမ်နောက်ဘက်ဝင်သွားတော့ အိမ်ရှေ့ကုလားထိုင်တွင် ထိုင်နေသော မှတ်ကြီး ဖခင်ဦးဖြူက ...

"ဘာဖြစ်တာလဲကွယ့် ... "

ရပ်ကွက်လူကြီးတစ်ဦးက ...

"ဒီလိုပါ အဘသား မှတ်ကြီးက ဒီကဦးဇော်လင်းသမီးကို မတရားခိုးပေါင်းလို့ပါ ..."

"ကိုမှတ်ကြီးက သမီးကို မတရားခိုးပေါင်းတာမဟုတ်ပါဘူး သမီးဘာသာ ကိုမှတ်ကြီးကို လာပေါင်းတာပါ ... "

"ဟင်"

"ဟာ"

အိမ်ထဲမှ ထွက်လာ၍ပြောလိုက်သည့် စန္ဒာခင်အသံကြောင့် အားလုံး ဟင်ခနဲ ဟာခနဲဖြစ်သွားသည်။

စန္ဒာခင်မျက်နှာက ခပ်တင်းတင်း ...

ဖခင်ဦးဇော်လင်းက ဒေါသထွက်ကာ ...

"ခွေးမ အလကားကောင်မ ... မိဘမျက်နှာကို ဖျက်တဲ့ကောင်မ သေစမ်း ... "

"ဟာ ... မလုပ်ပါနဲ့"

"ကိုဇော်လင်း ဒေါသလျှော့ပါ ... "

တစ်ယောက်တစ်ပေါက် အော်ဟစ်ကာ ဦးဇော်လင်းအား ဝိုင်းဆွဲထားကြသည်။ စန္ဒာခင်က ဘာမှမမှုသည့်ပုံဖြင့် ...

"သမီး အကြောင်းတရားနဲ့သမီးပါ ... ကိုမှတ်ကြီးကို သမီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ် ... မခွဲနိုင်ဘူး''

''တော်စမ်း ... ချွေးမ နှင်အရှက်မရှိပြောတာ ငါနားကြားရတာရှက်တယ် ... နှင်ငါတို့နဲ့ အခုပြန်လိုက်ခဲ့စမ်း ... ''

''ဟုတ်ပါတယ် စန္ဒာရယ် ... ကိုလင်းခွင့်လွှတ်ပါတယ် လိုက်ခဲ့နော် ... ကိုလင်းနဲ့ စန္ဒာက မကြာခင်လက်ထပ်တော့မှာလေ

ဒီလူနဲ့နေရင် ... စန္ဒာဘဝ ဒုက္ခရောက်သွားမှာပေါ့ ပြန်လိုက်ခဲ့ပါ''

စန္ဒာခင်နှင့် လက်ထပ်မည့် ကိုလင်းကလည်း ချော့မော့ကာ ပြောပေမယ့် စန္ဒာခင်က ...

''ဒုက္ခရောက်လည်း ဘာဖြစ်လဲ ... ကိုမှတ်ကြီးနဲ့ အတူတူ ဒုက္ခရောက်တာ ရောက်ပါစေ ... ရှင့်အပူမပါဘူး''

စန္ဒာခင် မိခင်ဒေါ်သောင်းကလည်း ...

''သမီးရယ် ... အမေ့ကိုသနားပါ သမီးနဲ့မောင်လင်းမင်္ဂလာဆောင်ဖို့ အားလုံးစီစဉ်ထားပြီးပြီလေ ... အမေတို့ အရှက်ကိုငဲ့ပါ''

''အမေတို့သွားပါတော့ ... သမီး ကိုမှတ်ကြီးနဲ့ပျော်တယ် ဘာပစ္စည်းမှလည်း မမက်ဘူး''

''တောက် ... ချွေးမ လာ မသောင်း, ချွေးဖြစ်မယ့် ကောင်မ ဒီအတိုင်းထားလိုက် ... ''

ဦးဇော်လင်းက ဒေါသထွက်ကာ သူ့မိန်းမ မသောင်းလက်ကို ဆွဲ၍ အိမ်ပေါ်မှဆင်းသွားလေရာ ပါလာသည့် လူများကလည်း ပြန်၍ လိုက်ပါသွားလေတော့သည်။

❖❖❖





မှတ်ကြီးတစ်ယောက် ရပ်ကွက်ထဲမှာ အတော့်ကိုမျက်နှာပန်းပွင့်နေသည်။

''ကိုမှတ်ကြီး လာဗျာ ... လက်ဖက်ရည်သောက်ပါဦး၊ မတွေ့တာအတော်ကြာလို့ ပိန်တောင်ပိန်သွားသလားလို့''

''ဟဲ ... ဟဲ ... မိန်းမရစမို့ပါ''

မှတ်ကြီး မျက်နှာကပြုံးဖြီးဖြီး လက်ဖက်ရည်ဆိုင်ထဲပင်ထိုင်၍ ကျော်စိုးတိုက်သည့် လက်ဖက်ရည် တစ်ငုံသောက်လိုက်၏။

''ခင်ဗျား မိန်းမစန္ဒာခင်က ခင်ဗျားကိုအတော်ချစ်တယ်လို့ ကြားတယ်''

''ပြောကြတာပဲ ... ''

''ပြောကြတာပဲဆိုတော့ ခင်ဗျားက သူချစ်တာမသိဘူးလား''

''သိပါတယ်ကွာ ... ငါမလွှတ်လပ်တော့တာ အမှန်ပဲကွ''

မှတ်ကြီးက ခပ်ကြွားကြွားပြော၏။

ကျော်စိုးက ...



www.burmeseclassic.com

www.burmeseclassic.com

"ကိုမှတ်ကြီး ကျူးဘေးကအိမ်နီမှာ ဝိုင်းဖြစ်နေတယ် ... မသွားဘူးလား ... "

"သွားတော့သွားချင်တယ် ... ငွေလိုတယ်ကွ ငွေရှိမှဖြစ်မှာ မလား"

"ခင်ဗျား မိန်းမမှာ ဆွဲကြိုးရှိတာပဲ ... ရင်းလိုက်ပေါ့ဗျာ"

ကျော်စိုးကမြှောက်ပေးရာ မှတ်ကြီးက ...

"သူကတော့ပြောပါတယ် ယူလုပ်တဲ့ ငါက အားနာနေတာ"

"အားမနာနဲ့ အရင်းရင်းတာပဲ ... ရရင်ပြန်ရွေးလိုက်"

"အင်း ... "

မှတ်ကြီးတွေးလိုက်ရင်း မျက်လုံးထဲ၌ ရုပ်တုလေးကိုမြင်လို့လာသည်။

"ဟုတ်ပြီ ... သူရှိတာပဲ လုပ်ရမယ်"

"ဘာလဲဗျ ... ကိုမှတ်ကြီး ခင်ဗျားစကားက ... "

ကျော်စိုးကမေးလေရာ မှတ်ကြီးကဘာမှမပြော ခေါင်းကိုရမ်းပြပြီး လက်ဖက်ရည်ကို ကုန်အောင်သောက်လိုက်၏။

"ကျော်စိုး ... မနက်ဖြန်သွားမယ် ငါ့အိမ် မင်းလာခေါ်"

"ရတယ်လေ ... ကျွန်တော့်မှာတော့ ငွေမရှိဘူးနော်"

"ရတယ် အဖော်လိုက် ဘော်ဒါကြေးပေးမယ်"

"ကြိုက်တာပေါ့ ... "

မှတ်ကြီးလည်း ကျော်စိုးရှေ့မှထကာ အိမ်သို့ပြန်လာခဲ့လေတော့သည်။

❖❖❖



ဖဲရိုက်တော မှတ်ကြီးနိုင်ရဲ့လား .... ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## အစောင့်ရှိတယ်

"ဟာ _ မှတ်ကြီး တစ်ဝိုင်းလုံးမင်းပဲသိမ်းသွားပါလား ဒီပိုက်ဆံတွေနဲ့ဆို လေးငါးလထိုင်စားလို့ရတယ် _ "

"ပညာလေ့ဗျာ _ ပညာ ဟဲ _ ဟဲ"

မှတ်ကြီးက ဝိုင်းထဲက ပိုက်ဆံတွေကို အိတ်ထဲသိမ်းကြုံးထည့်လိုက်သည်။

တရုတ်သူဌေး ကျောက်ပိရဲ့မျက်နှာကတော့ သုန်မှုန်လို့နေသည်။

ဘာကြောင့်လဲဆိုတော့ အခုပွဲမှာ သူအရှုံးကြီးရှုံးသွားသည်လေ။

"မှတ်ကြီး _ မင်းနဲ့ငါတွေ့ဦးမယ်"

"ရပါတယ် ကျောက်ပိရဲ့ ... မှတ်ကြီးကိုခေါ်နိုင်းလိုက် ကြေးကြီးမှဆော့မယ်နော် _ တော်ရုံဝိုင်းတွေ မှတ်ကြီးမထိုင်တော့ဘူး"





"အလကားကောင် ... တစ်ပွဲသိမ်းရတာလောက်ကို အဟုတ်…တ်နေတယ် ... "

ကျောက်ပိ ဘယ်လိုပြောပြော မှတ်ကြီးကအပြုံးမပျက် _

"တစ်ပွဲထဲကတန်တယ်ဗျ ... ရတဲ့ ပိုက်ဆံက ကောင်းကောင်းသုံးလို့ရတယ် _ ကျုပ်မယားသစ်လေးနဲ့ တဝကြီးသုံးလို့ရတယ်"

"ဟေ့ကောင် _ ငါ့လာမရှိနဲ့ _ နောက်တစ်ပတ်လာခဲ့ မိုးကုတ်က ကျောက်သူဌေး အုပ်စုနဲ့ချိန်းထားမယ် _ မင်းရှိတဲ့ငွေနဲ့ တစ်ပတ်လည်အောင်မှာမဟုတ်ဘူး ... "

"မပူပါနဲ့ ... မှတ်ကြီးကိုသာနိုင်အောင်ရိုက်စမ်းပါ ... ကဲ သွားပြီဗျို့ ... ကျေးဇူးပဲ"

မှတ်ကြီးက ငွေထုပ်ကြီးကို ဆွဲလျက် တပြုံးပြုံးနှင့်ထွက်လို့သွားသည်။

ကျောက်ပိရဲ့ တပည့်သံလုံးက _

"ဒီကောင် ဝိုင်းစကတည်းက တစ်ပွဲမှမရှုံးဘူး ... ဖဲကတောက်လျှောက်တက်တာ သူ့မှာတစ်ခုခုတော့ အဆောင်ကောင်းရှိမယ် _ သူဌေး"

"အလကားပါကွာ _ ဒီကောင် ကံကောင်းသွားတာပါ"

"ကံကောင်းတာလဲ ... သူဌေးရယ် တစ်ဝိုင်းလုံး အပြတ်သိမ်းသွားတယ် ... ငွေကမနည်းဘူး ... သူဌေးပြောတဲ့ မိုးကုတ်ဘက်က သူဌေးတွေ တကယ်လာမှာလား _ "

"လာမှာပေါ့ကွ ... အဲဒီဝိုင်းကမှ တကယ့်အကြီးကြီး မှတ်ကြီးခနိုင်ပိုက်ဆံတွေအပြင် မိန်းမတောင်ပေါင်ရမယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပိက အားရပါးရကြုံးဝါးလိုက်သည်။ ဖဲလောက

မှတ်ကြီးတစ်ယောက် နာမည်တစ်လုံးရလာ၏။

ရိုက်တိုင်းနိုင်တဲ့ မှတ်ကြီးတစ်ယောက် သုံးလေးလအတွင်း သုံး ဖြုန်းနိုင်သော လူတစ်ယောက်ဖြစ်လာသည်။ အရပ်ထဲကလူတွေက စန္ဒာခ ရမှ မှတ်ကြီး စီးပွားတက်လာသည်ဟု ပြောကြ၏။

ငွေတွေဖောဖောသီသီ သုံးနိုင်တော့ ... မှတ်ကြီးမှာ တ တပန်းများပေါ်လာသလို ငွေပေးလို့ရသည့် မိန်းမပျက်များဝိုင်းနေ မှတ်ကြီးတစ်ယောက် လောကစည်းစိမ်ပြည့်နေပေမယ့် သူ မပျက်မကွ လုပ်တာက လပြည့်လကွယ် ညတိုင်းဝိညာဉ်ရုပ်တုလေးကို ပူဇော်ခြင်း ဖြစ်သ

မှတ်ကြီး ဘယ်သွားသွား ဘာလုပ်လုပ် ဝိညာဉ်ရုပ်တုကို ကိုယ်နှင့် ဆောင်ထားသည်။

"ဆရာမှတ်ကြီး ရန်ကုန်က တရုတ်သူဌေးတွေငွေကြယ်ဟိုတယ် ဒီညဝိုင်းလုပ်မယ်တဲ့ ဆရာကျောက်ပိ အကြောင်းကြားခိုင်းလို့"

ကျောက်ပိတပည့်သံလုံးက လာ၍ အကြောင်းကြားသည်။

"ရတယ်လေ ... ငါလာခဲ့မယ် ... ငွေတော့နိုင်ပါတယ်နော်"

"နိုင်သလားတော့မမေးနဲ့ ကျုပ်သူဌေးကျောက်ပိ ချမ်းသာ ရန်ကုန်ကသူဌေးတွေရဲ့ ဂိုဒေါင်တစ်ခုဖိုးပဲရှိတယ် ... "

"ကြိုက်သွားပြီဟေ့ ... ရော့ ... ရော့ ... မုန့်ဖိုးယူသွား"

မှတ်ကြီးက သံလုံးအား ပိုက်ဆံလေးငါးရွက်ထုတ်ပေးလိုက် သံလုံးမျက်နှာဝင်းပသွားပြီး ...

"ကိုမှတ်ကြီးကို ငွေတွေ ရစေချင်လို့ ... "





"အေး ... အေး"

မှတ်ကြီးက ငွေကို ရက်ရောသလို ပေါပေါသုံးတာကြောင့် လောင်းကစားလောကနှင့် ပတ်သက်သည့်သတင်းတိုင်း သူရသည်။

စန္ဒာခင်က မှတ်ကြီး၏ မယားကောင်းပီသပါသည်။ မှတ်ကြီး တစ်ယောက် ဖဲရိုက်သွားရင် သောက်ရန်ဆေးလိပ်ကမှစ၍ သောက်ရေ အဆုံး အကုန်စီစဉ်ပေး၏။

"မိန်းမရေ ညရောက်ရင် ငွေကြယ်ဟိုတယ်မှာဝိုင်းကြီးရှိတယ် မြှင်ထားပေးဦး"

"စန္ဒာလည်း လိုက်ခဲ့မယ် ... ကိုကြီး"

"ဘယ်လိုလိုက်လို့ ဖြစ်မလဲ ... ချစ်လေးရယ်၊ ဝိုင်းမှာက ယောကျ်ားတွေပဲရှိတာ ... အိမ်ကပဲစောင့် မနက်ရောက်ရင် ပိုက်ဆံ ရေရ မယ် ... "

"ကိုကြီးနော် ... မဟုတ်တဲ့ ကောင်မတွေဆီမဝင်နဲ့ အိမ်တန်း ပြန်လာ ... "

"အေးပါ ... ချစ်လေးရဲ့"

မှတ်ကြီးက စန္ဒာခင်ခေါင်းလေးကို အသာအယာပုတ်၍ ကြည့်ပြီး လိုက်လေတော့သည်။

❖❖❖

ရှိရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းက တကယ့်ဝိုင်းကောင်း ရန်ကုန်ကဖဲလာရိုက်တဲ့အဖွဲ့တွေ
ပိုက်ဆံကိုအထုပ်လိုက် ...

ထူးခြားတာက သူတို့အဖွဲ့တွင် ဘေျာင်တစောင်းထုံးထားသေ
နှုတ်ခမ်းမွေးကားကားနှင့် အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်။

ဖဲဝိုင်းမှာ ထိုင်နေပေမယ့် သူက ဖဲဝိုင်းကိုစိတ်ဝင်စားတာမဟုတ်
မုတ်ကြီးကိုသာ အကဲခတ်စောင့်ကြည့်နေ၏။

"ကဲဗျာ ... အကုန်လိုက်တယ်"

"ရတယ်လေ ... ငါတို့ကကြိုက်တယ် ... လာထား'"

တရုတ်က မုတ်ကြီး လိုက်သလောက် အကုန်ချရိုက်လေရာ –

"ကဲ ... လှန်လိုက်"

"ရော့ဗျာ ... "

မုတ်ကြီးက ဖဲချပ်ကိုလှန်လိုက်လေရာ ...

"ဟာ ... "





"ဟင်"

"အို"

ဝိုင်းထဲကလူတွေ ဘယ်လိုမှ မယုံနိုင် မုတ်ကြီးဖဲထက်ကြီးတဲ့ –
ဖဲမရှိတော့ ...

"ကဲ ... ဟုတ်ပြီ အကုန်သိမ်းမယ်"

မုတ်ကြီးက ဝိုင်းထဲကပိုက်ဆံတွေသိမ်းနေစဉ် ... တရုတ်က –

"ဟေ့ကောင် ... ထပ်ချဦးမယ်"

"တော်လိုက် ... "

ဘေျာင်တစောင်းနှင့်လူကြီးကတားလိုက်ရာ တရုတ်သာမှ ဆက်မပြော
တော့ပဲ ငြိမ်သွားသည်။

မုတ်ကြီးက ပိုက်ဆံထုပ်ကိုပိုက်၍ ...

"သွားပြီဗျို့ ... "

နှုတ်ဆက်ကာ ပြန်သွားသည်။

"ဘာလို့တားလိုက်တာလဲ ... ဦးမြတ်ထွန်း ကျုပ်အတော်ပါ သွားတာ
ဗျ ... "

"မင်းနဲ့ငါ အေးအေးဆေးဆေး စကားပြောမယ် အရှောင်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဦးမြတ်ထွန်းက အရှောင်အား အခန်းတစ်ခန်းထဲသို့ခေါ်၍ နှစ်ယောက်
ထဲစကားပြောကြသည်။

"ဒီကောင့်မှာ အစောင့်ပါတယ် ... မင်းဆက်ရိုက်ရင်ရှုံးမှာပဲ"

"ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင့်ကို စည်းရုံးရမယ် _ သူ့မှာ အဆောင်ရှိမှာပဲ အဆောင်ရှိ
အစောင့်ရှိတာ အဲဒီအဆောင်ကို ရအောင်ယူနိုင်ရင် တို့အတွက်အကျိုး
မယ် ... ဒီကောင်လည်း မစွမ်းတော့ဘူး"

"လွယ်တော့ လွယ်မှာမဟုတ်ဘူး"

"သူဘာကြိုက်လဲသိအောင် လုပ်ရမှာပေါ့ ... သိရင် တို့လိုတာ
ပြီ ... "

"ဟုတ်ကဲ့ ... "

အရှောင်က သူ့ဒွေးဆိုပေမယ့် ဦးမြတ်ထွန်းစကားကိုလွန်စွာ
ယုံကြည်သည်။

ဦးမြတ်ထွန်းရဲ့ ပညာစွမ်းကလည်းနည်းတာမဟုတ်။

ဘယ်နေရာမှာ ရိုက်ရိုက် နိုင်ခဲ့တာတွေပဲဖြစ်သည်။ အခု ဦးမြတ်ထွန်း
မစွမ်းတာတော့မဟုတ် မှတ်ကြီးရဲ့အစောင့်က ပိုစွမ်းနေ၍ ဖြစ်အောင်
အရှောင်ရိပ်မိသည်။

"ဦးမြတ်ထွန်း ပြောပါ ... ကျုပ်စီစဉ်လိုက်ပါ့မယ် ... "

"ကောင်းပြီလေ ... "

ဦးမြတ်ထွန်းက အသေအချာ အလေးအနက်စဉ်းစား၍ အရှောင်အား
ပြောလေရာ အရှောင်က ဦးမြတ်ထွန်းပြောတဲ့အတိုင်း အသေးစိတ်စီစဉ်တော့၏။

မှတ်ကြီးကတော့ သူ့ကံကြမ္မာကိုမသိရှာ ... ငွေထုပ်ကြီးကိုပိုက်၍
အပျော်ကြီးပျော်ကာ ဇနီးလေး စန္ဒာခင်နှင့်အတူ ညဉ့်နက်သန်းခေါင်
မန္တလေးတစ်မြို့လုံးကို လှည့်ပတ်သွားလို့နေလေတော့သည်။

❖❖❖



# မှတ်ကြီးဘာဖြစ်သွားလဲ ... ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)
## ထောင်ချောက်

"ကိုမှတ်ကြီး ရန်ကုန်က တရုတ်အရှောင်က ဒီညမကျေပွဲတဲ့ ငွေကြယ် ဟိုတယ်ကိုလာခဲ့ပါလို့ပြောတယ် _ "

လာပြောသည့် သံလုံးရဲ့စကားတွေက မှတ်ကြီးစိတ်ကိုဆွ သလိုဖြစ်၏။ မှတ်ကြီးက သူ့အဆောင်ကို ယုံကြည်မှုရှိသလို သူ့ကိုစိန်လာခေါ်ရ တိမ်ပေါ်ထိတက်ရိုက်မည့်သူ ဖြစ်သည်။

"ရတယ် … သံလုံး ငွေသာများများ ရှာထားလို့ … ငါလာ မယ်"

"ဟုတ်ပါတယ် _ ကိုမှတ်ကြီး သွေးမနည်းဘူးဆိုတာ ရန်ကုန်က အရှောင်ကိုပြလိုက်စမ်းပါ"

"စိတ်ချပါ သံလုံးရယ်"

သံလုံးက အိမ်ထဲသို့ ဟိုကြည့်ဒီကြည့်လုပ်၍လေသံတိုးတိုးနှင့် _





"ကိုမှတ်ကြီး ဒေါ်ဇာကြီးဆီမှာအသစ်ကလေးရောက်တယ် ချောမှချော လှမှလှဗျာ … ထိရက်စရာတောင်မရှိဘူး …

ကြေးကတော့ ကြီးတယ်နော်"

"ငွေအကြောင်း မပြောစမ်းနဲ့ သံလုံး အခုရမလား … သွား မေးလိုက်"

စန္ဒာခင်က အိမ်မှာမရှိဘဲ စစ်ကိုင်းကသူ့သူငယ်ချင်းထံသွား လည်နေ၍ မှတ်ကြီးလွတ်လပ်နေသည်။

"နေ့လည်လောက်ဆိုဖြစ်တယ် … ကိုမှတ်ကြီး ဟိုတယ်ခေါ်မှ ရမယ်နော် … ဒီလိုလုပ်ပါလား … ငွေကြယ်ဟိုတယ်မှာ အခန်းယူလိုက် ပိုင်းတည်တော့ တစ်ခါတည်းဝင်လို့ရတာပေါ့"

"ပိုက်ဆံယူတော့ … "

"တစ်ခါတည်းယူလာပြီး ဟိုတယ်မန်နေဂျာကို စာရင်းနဲ့အပ် ထားလိုက်ပေါ့ _ အရှောင်တို့လည်းငွေကို ဒီလိုပဲ အပ်ထားတာ"

"အေး … အေး မင်းစီစဉ်ထားလိုက်"

မှတ်ကြီးက သံလုံးကို ငွေတစ်ထပ်ပေးကာ လွှတ်လိုက်သည်။ မှတ်ကြီးက အလောင်းအစားပြီးရင် မိန်းမကိစ္စဝါသနာပါလွန်းလှ၏။

စန္ဒာခင်ဘယ်လောက်ပဲ ကပ်နေကပ်နေ လစ်တာနှင့် မဟုတ်တဲ့ ဆီသွားလေပြီ … ။

နေ့လည်ရောက်တော့ ရေချိုးအဝတ်အစားလဲ၍ ငွေများကိုအိတ်ထဲ ထည့်ကာထွက်မည်အပြု ဖခင်ကြီးက _

"သား _ ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်သွားမလို့ အဖေ ..."

"အဖေ ညောင်ပေါက်ရွာကိုသွားချင်တယ် ... သားရယ် အဖေ့ကိုလိုက်ပို့ပေးပါလား ..."

"ကျွန်တော် မအားဘူး _ အဖေ ဒီလိုလုပ် သားတပည့် အောင်ခင်ကို လိုက်ပို့ခိုင်းလိုက်မယ် _ အဖေ ဘယ်တော့သွားမလဲ"

"ညနေ ... စာပို့ရထားနဲ့ သွားချင်တယ်"

မှတ်ကြီးက အိတ်ထဲမှ ငွေတစ်ထပ်ကိုထုတ်၍ ဖခင်ကြီးလက်ထဲ ထည့်၍ ...

"အောင်ခင်ကို ကျွန်တော်လွှတ်လိုက်မယ် _ အဖေသုံးချင်ရာသုံး အမျိုးတွေကိုလည်းပေး လှူစရာရှိလဲလှူ"

"သားရယ် ငွေတွေကမနည်းပါလား"

"အဖေရယ် ဒီငွေက သားအတွက် ဘာမှမဟုတ်ပါဘူး ... အဖေကြိုက်သလိုလုပ် အဖေဘယ်တော့ပြန်လာမလဲ"

"အေးအေးဆေးဆေးနေမယ် _ စိတ်ကူးတယ်"

"ဒါဆို ငွေထပ်ယူဦး ... အောင်ခင်ကိုတော့ ပြန်လွှတ်လိုက် အဖေ ..."

"အေး ..."

မှတ်ကြီးက နောက်ထပ် ငွေတစ်ထပ်ကြီးကို ဖခင်ကြီးလက်ထဲ ထည့်ကာ အိမ်ပေါ်မှဆင်းသွားသည်။

မှတ်ကြီးက သူ့ဖခင်ကြီးကိုတော့ ဂရုစိုက်သည်။

ဖခင်ကြီးဆန္ဒရှိတာကို အမြဲလိုလို လိုက်လိုက်လျောလျော လုပ်ပေးတတ်၏။





မှတ်ကြီး ဟိုတယ်ရောက်တော့ မန်နေဂျာထံငွေကိုအပ်နေစဉ် သံလုံးရောက်လာပြီး _

"ကိုမှတ်ကြီး ပထမထပ် တူးအိုတူးကိုသွား ... ကျွန်တော် အားလုံးစီစဉ်ထားတယ်"

"သံလုံး မင်းတကယ်တော်တဲ့ကောင် _ ကိစ္စတွေအားလုံးပြီးရင် မင်းကို ဘောက်ဆူးကောင်းကောင်း ပေးမယ်သိလား"

"ယုံပါတယ် ကိုမှတ်ကြီးရယ် ... သွား ... သွား ..."

မှတ်ကြီးလဲ ခြေလှမ်းကျဲကြီးများနှင့် အပေါ်ထပ်သို့တက်လာပြီး အခန်း တူးအိုးတူးရှေ့သို့ရောက်သောအခါ _

"ဒေါက် _ ဒေါက်"

"ကျွိ ..."

အခန်းတံခါးကို ခေါက်လိုက်စဉ် အခန်းတံခါးပွင့်လာပြီး တံခါးဝ၌ ရပ်နေသည့် အလွန်ချောမောလှသည့် မိန်းမပျိုလေးကတွေ့ရ၍ မှတ်ကြီး သဘောအကျကြီးကျသွားလေတော့သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေဆက်ဖြစ်ကြမလဲ



## အခန်း (၁၁)

## ပျောက်သွားသောရုပ်တု

"ဟင်"

မှတ်ကြီး အိပ်ပျော်နေရာမှ ရုတ်တရက်လန့်နိုးတော့ သူနှင့်အတူ ရှိခဲ့သည့် မိန်းမပျိုလေးအား မတွေ့ရတော့ ...

"ဘယ်ရောက်သွားတာလဲ _ "

အခန်းအပြင်ခဏထွက်သွားသည်ထင်ကာ စောင့်နေသေးသည်။ ပေါ်မလာတော့ အင်္ကျီကိုကောက်ဝတ်လိုက်ပြီး အိတ်ထဲစမ်းကြည့်ရာ _

"ဟင်"

အိတ်ထဲ၌ ဝိညာဉ်မယ်တော်ရုပ်တုမရှိတော့ ...

မှတ်ကြီး လွန်စွာချောက်ချားသွားသည်။

"ပြဿနာပဲ ... "

"အောက်များကျသွားလေသလားဟု တွေး၍ အခန်းထဲသို့ နေရာ လွတ်မကျန်ရှာသော်လည်း မတွေ့တော့ _



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှာ ငွေတွေမပျောက်ဘဲရှိနေတာကြောင့် ရုပ်တုလေးကို မိန်းမပျိုယူတာ မဖြစ်နိုင် ယူမည်ဆိုလျှင် ငွေကိုသာယူသွားမည်။

ရုပ်တုလေး ဘယ်လိုအသုံးဝင်မလဲဆိုတာ မိန်းမပျိုမသိနိုင်ပါ မှတ်ကြီး ချွေးသီးချွေးပေါက်တွေကျလာသည်။

ရုပ်တုလေးပျောက်လို့မဖြစ် ဒီရုပ်တုလေးက သူ့အတွက်အရာရာ အသုံးဝင်သည်။

"ငါ ... ဘယ်လိုလုပ်ရမလဲ"

အိပ်ရာပေါ် ပက်လက်လှန်ချကာ တွေးနေစဉ် ...

"ဒေါက် ... ဒေါက်"

အခန်းတံခါးခေါက်သံကြောင့် မိန်းမပျို ပြန်လာတာထင်၍ မှတ်ကြီး လျှင်မြန်စွာထ၍ ဖွင့်လိုက်ရာ ...

"ဟင်"

တရုတ်အရှောင်နှင့် သူ့တပည့်များ အခန်းဝရပ်နေသည်။

"မှတ်ကြီးဝိုင်းတည်ဖို့ မင်းကိုစောင့်နေတာဆော့ရဲပါတယ်နော်"

အရှောင်စကားကြောင့် မှတ်ကြီး ဒေါကန်ကာ ...

"မှတ်ကြီးက သွေးမကြောင်ဘူး ... စောင့်နေ၊ အခုလာမယ် ကောင်တာမှာ ပိုက်ဆံသွားယူလိုက်မယ်"

"ကြိုက်တယ်ဟေ့ ... မှတ်ကြီးလို လူမျိုးနဲ့ဆော့ရတာ ပညာ တကယ်ရတယ်"

အရှောင်ကပြော၍ တပည့်များနှင့်အတူထွက်သွားရာ မှတ်ကြီးလည်း ပိုက်ဆံယူရန် ကောင်တာသို့ထွက်လာသည်။

ပိုက်ဆံများယူပြီး ပြန်အထွက်မှာ သံလုံးကိုတွေ့သဖြင့် ...





"ဟိုကောင်မလေးကို မတွေ့ဘူး ... ဘယ်သွားလဲ သံလုံး ငါ မေးစရာရှိတယ် ..."

"မသိဘူးလေ ... ကိုမှတ်ကြီးနဲ့ အတူရှိနေတာပဲ"

"မင်း သူနေတဲ့နေရာသိတယ်မလား"

"သိတယ် ... ကိုမှတ်ကြီး"

"သိရင် ... ပြီးမှ သွားတွေ့တာပေါ့ ..."

မှတ်ကြီးဝိုင်းသို့ ခပ်သွက်သွက်လာခဲ့သည်။

"လာ ... မှတ်ကြီး မင်းကိုစောင့်နေတာ မောတောင်မောတယ် ကွာ ..."

"ရတယ်လေ ... စလိုက်ကြအောင်"

ဝိုင်းစတည်းက မှတ်ကြီးတစ်ယောက် ရှုံးတာသောက်သောက်လဲ တစ်ပွဲမှကို မနိုင်တာ ... ရှုံးလေ မဲလေ ဖြစ်နေသည်။

သျှောင်တစောင်းနှင့်လူက မှတ်ကြီးကို ကြည့်၍ပြုံးနေသည်။

"ရော့ ... အကုန်ချတယ်ဗျာ ..."

"ကြိုက်တယ်ဟေ့ ..."

အရှောင်က ဖဲချပ်ကိုဖွင့်လိုက်ရာ ...

"ဟာ ... သွားပြီ"

မှတ်ကြီးမှာ ပါသမျှ တက်တက်ပြောင်သွားသည်။

အရှောင်က ...

"ဒါပဲလား မှတ်ကြီး ..."

"ခင်ဗျား ... စောင့်နိုင်မယ်ဆို ခဏစောင့် ... ကျုပ်အိမ်ပြန် ပိုက်ဆံယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ရမှာပေါ့ကွာ ..."

မှတ်ကြီးလည်း အိမ်ပြန်ကာ ရှိသမျှ ပိုက်ဆံကိုယူလိုက်သည်။ ပြန်ထွက်လာတော့ စန္ဒာခင်တို့ မိဘများအိမ်၌ မီးလင်းနေ၍ ကြည့်လိုက်ရာ ...

"ဟင် ... စန္ဒာခင် ဘာလို့ဒီကိုရောက်နေတာလဲ"

မှတ်ကြီး ခေါင်းမီးတောက်သွားသည်။ စန္ဒာခင်က သူနှင့်မှတ်ကြီးကို သူ့မိဘများခွဲမှာစိုး၍ ဘယ်တော့မှမိဘအိမ်မသွား ...

အခု ... သူ့မိဘအိမ်ရောက်နေသည်။

"တောက် ... ဒီကိစ္စ မနက်ရောက်မှရှင်းမယ်"

စိတ်ထဲကကြုံးဝါးကာ ဟိုတယ်သို့ပြန်လာခဲ့သည်။

"လာပြော့ _ မှတ်ကြီး စောင့်ရတာ ကျောတောင်ညောင်းတယ်"

"အပိုတွေ ပြောမနေနဲ့ ... စမယ်"

"သဘောပါပဲ ... သဘောပါပဲ"

မှတ်ကြီး ဖဲက ဘယ်လိုမှတက်မလာ ... ရှုံးပြန်သည်။

ထပ်ယူလာတာကုန်ပြန်တော့ မှတ်ကြီးခေါင်းစိုက်ကျသွား၏။ ဆက်ဆော့ဖို့လည်း ငွေမရှိတော့ ...

အရှောင်က ...

"ကဲ ... သိမ်းလိုက်ရအောင် နင်ဆော့ချင်ရင် ခေါ်လိုက်ပါ"

ပြောပေမယ့် မှတ်ကြီးဘာမှမပြော ခေါင်းကြီးစိုက်ကာ ဟိုတယ်မှ ထွက်လာခဲ့တော့သည်။

❖❖❖



"ဦးမြတ်ထွန်း ... ဒီကောင် ဒီရုပ်တုကြောင့် ရိုက်တိုင်းနိုင်နေ တာပေါ့နော် ... "

"ဟုတ်တယ် _ ဒီမှာတွေ့လား ကြိုးနီစတွေနဲ့ချုပ်ထားတာ လိပ်ပြာ ကြိုးလို့လည်းခေါ်တယ် ... သူ့လက်ထဲရှိတော့ သူ့ကိုကူညီတာပေါ့ ... သူ့လက်ထဲမရှိတော့ မကူညီတဲ့အပြင် ဒုက္ခပေးတာပဲ"

ဦးမြတ်ထွန်းက ရုပ်တုလေးကိုကိုင်ကာ ရှင်းပြသည်။ အရှောင်က စိတ်ဝင်တစားနှင့် ...

"ကျွန်တော်တို့ကို ကူညီရအောင်နိုင်းလို့မရဘူးလား"

"ပြန်ပြီးစီရင်ရမယ် ... အခုလိုညဘက်တော မရဘူး၊ မနက်မှ စီရင်မယ်"

"အဲဒါဆို ရုပ်တုလေး ကျွန်တော့်ကိုပေးထားလေ ... ကျွန်တော် ကြည့်ချင်လို့ပါ"

"ယူထားလိုက်လေ _ "



www.burmeseclassic.com

www.burmeseclassic.com





အရှောင်က ရုပ်တုလေးကို သူ့အခန်းထဲယူလာကာ တယုတ... ကြည့်နေသည်။ မှတ်ကြီးကို ဖဲကစားရာမှာ နိုင်ဖို့အတွက် ဒီရုပ်တုလေး... အေဗိဆိုသည့် ကြေးစားမလေးနှင့် သံလုံးတို့ အကူအညီယူကာ ရယူခဲ့သည်...

မှတ်ကြီးလက်ထဲ ရုပ်တုမရှိတော့ မှတ်ကြီးတစ်ယောက် ကျား... တစ်ကောင်ဖြစ်သွား၏။

"အင်း ... ဦးမြတ်ထွန်းကို ငါ့အတွက်အစီအရင်သာ လုပ်န... လိုက်ရင် မြန်မာတစ်ပြည်လုံး ဖဲလိုက်ရိုက်စားရင် ... "

အရှောင်က သူ့အတွေးနှင့်သူပျော်နေရင်း ရုပ်တုလေးပေါ်... ချည်ထားသည့် ကြိုးနီစတို့ကို တစ်ပတ်ချင်းဖြည်ချလို့နေ၏။

"ဟင် ... "

ကြိုးနီစတို့ ပြေသွားတော့ ရုပ်တုမှ အနိုးအငွေ့လိုထွက်လို့သွားသည်...

"ဟာ ... ဘာလဲဟ"

အရှောင်စိတ်တွေက တစ်မျိုးဖြစ်လာကာ ဟိုတယ်အပြင်ဘ... သို့သာထွက်ချင်လာသည်။

ရုပ်တုလေးကို အိတ်ထဲထည့်ပြီး အခန်းအပြင်သို့ထွက်ကာ စကြ... လမ်းအတိုင်းလျှောက်လာပြီး ဟိုဘက်တံခါးဝရောက်တော့ လုံခြုံရေးဝန်ထ... က ...

"ဆရာ ဘယ်သွားမလို့လဲ ... ညဉ့်နက်နေပြီ"

"ကားလျှောက်မောင်းမလို့ ... အိပ်မပျော်ဘူးကွ"

"ဆရာတစ်ယောက်တည်းလား ... "

"အေး ... "





အရှောင်က ကားထားရာလျှောက်လာပြီး ကားပေါ်တက်ကာ ...ကြမ်းမောင်းထွက်လာသည်။

အရှောင်ကားမောင်းလာရင်း နှာခေါင်းထဲ၌ အမွှေးရနံ့ရလာ...ာကြောင့် စိတ်ထဲမသင်္ကာလာတာနှင့် လက်ထဲဆုပ်ထားသည့် ရုပ်တုလေးကို ကြည့်မိသည်။

"ဒီရုပ်တုကရတဲ့ အနံ့လား"

စိတ်ထဲကတွေးနေစဉ် ...

"ဟင်"

အလွန်တရာမှ နံ့စော်လွှမ်းလှသည့် အပုပ်နံ့ရလာပြန်၏။

ကြောက်ကြောက်နှင့် လက်ထဲကရုပ်တုလေးကို ဘေးထိုင်ခုံပေါ်... ...စ်တင်လိုက်၏။

"ခစ် ... ခစ် ... ခစ်"

"မင်း ... မင်း မင်းဘယ်သူလဲ"

ဘေးထိုင်ခုံတွင် ရုတ်တရက် နန်းဝတ်နန်းစားနှင့် မိန်းမပျို ...ကြ...စ်ယောက် ရယ်မောနေတာတွေ့ရ၍ အရှောင် လွန်စွာအံ့ထိတ်တလန့် ...ဖြစ်သွားသည်။

"မင်း ... ငါ့ကားပေါ် ဘယ်လိုရောက်လာတာလဲ"

"ခစ် ... ခစ် ... ခစ်"

မိန်းမပျိုက ရယ်မောနေဆဲ အရှောင်လည်း ကြောက်ကြောက်နှင့် ...ားကိုလီဗာကုန် နင်းလေရာ ...

"ဟာ ... "



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် လူတစ်ယောက် သူ့ကားရှေ့တည့်တည့် ပြေးဝင်လာသဖြ ရှောင်လိုက်ရာ ရှောင်မရပဲတိုက်မိပြီး သူ့ကားလည်း လမ်းဘေး သစ်ပင်ကြီး တိုက်မိကာ မှောက်သွားလေတော့သည်။

❖❖❖

## မှတ်ကြိုးဖို့ နောက်ဆုံးခရီးလှည့်ပြီလား

ရှုရှင်အောင်ဓာဝေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)
## အဆုံးသတ်တဲ့နေ့

မုတ်ကြီးတစ်ယောက် စိတ်ဓာတ်အကြီးအကျယ်ကျကာ အရုပ်ထဲခေါင်းကြီးစိုက်ကာ ပြန်လာသည်။ အိမ်ရောက်တော့ စန္ဒာခင်ကို မတွေ့သဖြင့် ပိုဒေါကန်သွား၏။

"တောက် ... ဒီကောင်မ ခုထိအိမ်ပြန်မလာဘူး ... သူ့မိဘအိမ်မှာ ဘာလုပ်နေတာလဲ"

စိတ်တိုတိုနှင့် အိမ်ပေါ်မှပြန်ဆင်းကာ စန္ဒာခင်ကိုခေါ်ရန် သူ့မိဘအိမ်သို့ ထွက်လာသည်။

စန္ဒာခင်တို့အိမ်ရှေ့ရောက်တော့ အသံကျယ်ကျယ်နှင့် ...

"စန္ဒာရေ စန္ဒာ ... "

"ဘယ်ကောင်လဲကွ ... အိမ်ရှေ့လာအော်နေတာ"

အိမ်ထဲမှ ပြန်အော်သံကြားရပြီး စန္ဒာခင် အမေနှင့်အမေအိမ်ထဲမှ ထွက်လာသည်။





"ကျုပ် ... မုတ်ကြီး ... ကျုပ်မိန်းမ ဒီအိမ်ရောက်နေတာ ...လို့လာခေါ်တာ ... "

"ဟေ့ကောင် ဖဲသလား ... ငါ့သမီးက မင်းနောက်ပြန်မလိုက် ...ဘူးတဲ့ ... မင်းသွားတော့ ... "

"ဘာ ... ကျုပ်မိန်းမက အဲလိုဘယ်တော့မှ ပြောမှာမဟုတ်ဘူး။ ...ုပ်တို့ကလင်မယား ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူး ...

စန္ဒာပြန်မလိုက်ဘူးဆို ခင်ဗျားတို့အိမ်ကိုမီးရှို့မှာနော်"

"ဟင် ... "

မုတ်ကြီးဒေါကန်ကန်နှင့်ပြောရာ အိမ်အနီးဝန်းကျင်ကလူတွေ ...ကြည့်ကြသည်။

စန္ဒာခင် မနေနိုင်တော့ဘဲ အိမ်ထဲမှထွက်လာပြီး ...

"ကိုမုတ်ကြီး ... ရှင့်နောက် ကျွန်မ မလိုက်နိုင်ဘူး ... ပြန်တော့ ...ရင်တုန်းက ရှင်ဘယ်လိုတွေလုပ်ထားလဲမသိဘူး ... ရှင့်ကို မတွေ့ရရင် ...နေနိုင်လို့ ရှင့်ဆီလိုက်ပေါင်းခဲ့ရတယ် ... အခု ရှင့်ကို အရမ်းမုန်းတယ်၊ ...မျက်နှာကို မမြင်ချင်ဘူး ... ရှင်သွားတော့"

"ဟင် ... ဟင် ... နင် ဘယ်လိုပြောလိုက်တာလဲ စန္ဒာ"

"ကြားတဲ့အတိုင်းပဲ ပြောမရရင် ရဲတိုင်မှာနော် ... "

မုတ်ကြီး ဘယ်လိုမှထင်မထားသည့် စကားကြားရတာကြောင့် ...န်စွာခံပြင်းသွားသည်။

"တောက် ... တွေ့ကြသေးတာပေါ့ ... "

စိတ်ထဲကြုံးဝါးလိုက်ပြီး ဝိညာဉ်မယ်တော်ရုပ်တုပျောက်သွားအောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရာရန် သံလုံးရှိရာ ဟိုတယ်သို့ထွက်လာသည်။

"ရုပ်တု ငါ့လက်ထဲပြန်ရောက်ရင် ကောင်မကိုကောင်းကောင်း နှိပ်စက်မယ် ..."

ဒေါသဖြစ်ဖြစ်နှင့် လမ်းမအတိုင်းလျှောက်လာစဉ် ...

"ခစ် ... ခစ်"

"ဟင်"

မိန်းမပျိုတစ်ယောက်ရဲ့ ရယ်မောသံကြားရတာကြောင့် ခန္ဓာကိုယ်ကို လှည့်ပတ်ရှာသော်လည်း မတွေ့ရ –

"ခစ် ... ခစ်"

"ဘယ်သူလဲ – ဘာလို့ရယ်နေတာလဲ"

အော်မေးရာ ...

"ဟင်"

ခပ်လှမ်းလှမ်းအမှောင်ရိပ်တွင် နန်းဝတ်နန်းစားနှင့် မိန်းကလေး တစ်ယောက် လွန်စွာချောမောလှပသည်။

ပုံစံက ရုပ်တုရဲ့ပုံနှင့် တဖြည်းဖြည်းတူလာသည်။

"မင်း ... မင်း"

"ဟား ... ဟား"

အလွန်သဘောကျကာ ဟားတိုက်ရယ်မောပြီး မှတ်ကြီးရှေ့ တဖြည်းဖြည်းတိုးလာရာ ...

"သွား ... မလာနဲ့ ငါ့နားမလာနဲ့"

အသံကုန် ဟစ်၍အော်ကာ နောက်သို့ လှည့်ပြေးတော့သည်။ ထို





"ဝူး ..."

ကားတစ်စီးက အရှိန်ပြင်းစွာ သူ့ရှေ့တည့်တည့်တိုးဝင်လာရာ ရှောင်ချိန်ပင်မရတော့ဘဲ တိုက်မိလို့သွားလေတော့သည်။

"အား ..."

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်မယ်တော်ရုပ်တုလေးကို မမျှော်လင့်ပဲရခဲ့သည့် ရဲထွန်း တစ်ယောက် အိမ်ရောက်သောအခါ မိခင်ကြီးအား ...

"အမေ ကျွန်တော်ရန်ကုန်ကပြန်လာတော့ ကားမရှိတာနဲ့ လမ်းလျှောက်ရင်း အပြန်ကားကြုံစောင့်နေတာ . . . ဒီရုပ်တုလေးကို လမ်းကကောက်ရတာလေ ... "

ရဲထွန်းက ပြလေရာ မိခင်ကြီးက ရုပ်တုလေးကိုသေချာကိုင်ကြည့်ပြီး မျက်ရည်တွေစီးကျလာသည်။

"သားငယ် ... သားကိုကြီးသာရှိရင် ဒီလိုရုပ်တုမျိုး ထုတတ်မှာ သေချာတယ် ... "

"ကိုကြီး ပြန်မလာသေးဘူးလား အမေ"

"ဟင့် ... ဟင့်"

မိခင်ကြီးက ချက်ချင်းပြန်မဖြေဘဲ ရှိုက်ငိုတော့သည်။

"အမေ . . . ကိုကြီး ဘာဖြစ်လို့လဲ ပန်းပုပညာသွားသင်တယ် မလား ... ပညာစုံရင် ပြန်လာမှာပေါ့ အမေရယ် ... ငိုမနေပါနဲ့"





ရဲထွန်းက ပြောတော့ မိခင်ကြီးက ...

"သား အစ်ကိုကြီး ပြန်မလာတော့ဘူး ... ဆုံးရှာပြီသားရယ်"

"လူကြုံက လာပြောတာပဲ . . . သားကိုကြီးရဲ့အလောင်းကို ကန်ပေါက်ရွာပြင်မှာ သင်္ဂြိုဟ်ထားတယ်တဲ့ ...

သားကြီးရဲ့ပစ္စည်းတွေတော့ လာပေးသွားတယ်"

ရဲထွန်းစိတ်မကောင်းစွာ ခေါင်းခါလိုက်သည်။ သူက ရန်ကုန်တွင် အလုပ်သွားလုပ်နေသူ အလုပ်အားရက်ရ၍ သူ့မိဘများဆီပြန်လာခြင်း ဖြစ်သည်။

"အမေတို့ လိုက်မသွားဘူးလား ... "

"သားငယ်ရယ် ... အမေတို့က ဘယ်မှသွားတတ်လာတတ်တာမှ မဟုတ်တာ ... ဘယ်လိုလိုက်သွားမလဲ ... "

"လူကြုံပစ္စည်းတွေ လာပေးပြီး ... သေသွားပြီပြောတိုင်း လက်ခံရမှာလား အမေ ... အသတ်ခံရတယ်ဆို ဘယ်လိုလုပ်မလဲ"

"ဟင် ... အဲလိုဆို"

ရဲထွန်းရဲ့ မိခင်ကြီးက သူ့ရင်ဘတ်ကိုဖိ၍ ရဲထွန်းပြောတာကို စဉ်းစားမိရင်း လွန်စွာ စိတ်ပူသွားသည်။

ရဲထွန်းက ဆက်၍ ...

"ဒါမှမဟုတ် အသက်ရှင်လျက်ရှိနေတုန်းလားဆိုတာ ... ကိုကြီးဆီ သားလိုက်သွားမယ်"

"အင်း . . . အမေလည်း သားကြီး တကယ်သေလား မသေ လားဆိုတာ သိချင်တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... သား မနက်ဖြန်လိုက်သွားမယ် ... အမေဘာမှမပူနဲ့ ကိုကြီးအသက်ရှင်လျက်ရှိနေတယ်ဆိုရင် သားပြန်ခေါ်လာမယ် ... "

မိခင်ကြီးရဲ့ မျက်လုံးတွင် မျှော်လင့်ချက်အရောင်တို့တောက်ပလို့သွားသည်။

ရဲထွဋ်ကတော့ အခန်းထဲဝင်လာက ကျောဆန့်လိုက်သည်။

"ဟင်"

အိတ်ထဲစမ်းကြည့်လိုက်တော့ ရုပ်တုလေး ... အိတ်ထဲကပြန်ထုတ်၍ သေချာကြည့်လိုက်၏။

"ကောင်းလိုက်တဲ့ လက်ရာ အင်း ... တစ်ခုခုများ ဒီရုပ်တုလေးထဲမှာ ရှိနေလားမသိဘူး ... ရုပ်တုလေးက အသက်ဝင်နေသလိုပဲ"

ရဲထွဋ်တစ်ယောက် စိတ်ထဲကပြောကာ ရုပ်တုလေးကို ရင်ဘတ်ပေါ်တင်ကာ အိပ်ပျော်လို့သွားလေတော့သည်။

❖❖❖



ချစ်တယ်လို့သွားပြောမှာလား ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)
## ပြန်ပို့ပေးပါ

"ဟင်"

ရဲထွဋ်ဆတ်ခနဲ လန့်နိုးတော့ သူ့ခုတင်ဘေးတွင် မိန်းမပျိုလေး တစ်ယောက် မတ်တတ်ရပ်နေသည်။ ဝတ်ထားသည့် အဝတ်အစားများမှာ နန်းဝတ်နန်းစားဖြစ်သလို မျက်နှာကလည်း မဟာဆန်စွာချောမော လှပ လွန်းသည်။

မိန်းမပျို၏ဘေးနားတွင်လည်း မြူလိုလို အခိုးအငွေ့လိုလို ရစ်သမ်း လို့နေ၏။

ရဲထွဋ် ထထိုင်လိုက်ပြီး ...

"မင်း ... မင်း ဘယ်သူလဲ"

မေးလိုက်ရာ မိန်းမပျိုက ပြန်မဖြေ ရဲထွဋ်ကိုပြုံး၍ ကြည့်နေ သည်။





"ငါမေးနေတယ်လေ ... မင်းဘယ်သူလဲလို့ ... ဘာလို့ ငါ့အခန်းထဲလာတာလဲ"

"ခစ် ... ခစ် ... ခစ်"

ရဲထွဋ်ပြောတာကို မိန်းမပျိုက အားရပါးရရယ်ပြန်သည်။

"မင်း ... အတော်ခက်တာပဲ ငါပြောတဲ့စကားထဲမှာ ဘာရယ် စရာပါလို့လဲ"

"မဟုတ်ပါဘူး ... ရှင်ကြည့်ရတာ ရှင့်ကိုကျွန်မက မတော် မတရား လုပ်မှာကျနေတာပဲ ... ရှင်ကိုတောင်းဆိုစရာရှိလို့ ကျွန်မလာ ခဲ့တာ ... "

ရဲထွဋ် အံ့ဩလို့သွားသည်။ သူတစ်ခါမှ မမြင်ဖူးသည့် မိန်းမပျိုက သူ့ကိုတောင်းဆိုမည်တဲ့ ...

"ဘာတောင်းဆိုမှာလဲ ... "

"ကျွန်မကို အိမ်ပြန်ပို့ပေးပါ"

"အိမ်ပြန်ပို့ပေးရမယ် ... ဟုတ်လား ... မင်းက ဘယ်မှာ နေလို့လဲ"

မိန်းမပျို့ရဲ့ မျက်နှာပြုံးပြုံးရွှင်ရွှင်မရှိတော့ ... ညိုးနွမ်းလို့နေသည်။

"ကျွန်မက ကန်ပေါက်ရွာမှာနေပါတယ် ... ပြန်ပို့ပေးပါနော်"

"ကန်ပေါက်ရွာ ဟုတ်လား ... "

"ဟုတ်ပါတယ် ... တကယ်တော့ ရှင့်အစ်ကိုက ကျွန်မကိုခေါ် လာတာပါ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရဲထွဋ် အံ့သြလွန်း၍ ကြောင်ငေးကြည့်နေစဉ် မိန်းမပျိုက–

"ကျွန်မ မှာတာကို မမေ့နဲ့နော် ... ကျွန်မကို သေချာပြန်ပို့ပေးပါ"

မိန်းမပျိုကပြောရင်း လက်တစ်ဖက်ကို ဆွဲရမ်းလိုက်ရာ ရဲထွဋ်အိပ်ရာပေါ်လဲကျလို့သွားကာ ပြန်လည်အိပ်ပျော်သွားလေသည်။

နေ့လည်ရောက်တော့ ...

"သားငယ် ထမင်းစားဖို့ ထပါဦး ... မင်း အဖေကြီးလည်း ခြံထဲကပြန်လာပြီ ... "

"ဟင် ... "

မိခင်ကြီးရဲ့ လာနှိုးသံကြောင့် ရဲထွဋ် အိပ်နေရာမှလန့်နိုးလာသည်။ ခေါင်းထဲ၌လည်း မူးနောက်နောက်ဖြစ်လို့နေ၏။

"သားငယ် ... နေကောင်းရဲ့လား"

"ကောင်းပါတယ် ... အမေ ခေါင်းနည်းနည်းမူးနေလို့ပါ"

"ရေချိုးလိုက် သားငယ် ... ပြီးရင် ထမင်းစား"

"ဟုတ်ကဲ့ ... အမေ"

မိခင်ကြီးပြန်ထွက်သွားတော့ ရဲထွဋ်လည်းအိပ်ရာမှထလိုက်၏။

"ဟင်"

ရင်ဘတ်ပေါ်တင်ထားသည့် ရုပ်တုလေးကို စမ်းကြည့်ရာ မတွေ့ရသဖြင့် လိုက်ရှာရာ အိပ်ရာဘေးတွင် မတ်တတ်ရပ်အနေအထားဖြင့်တွေ့ရ၏။

"အင်း ... တော်သေးတာပေါ့"





ရုပ်တုလေးကို တယုတယကိုင်ကာ ကြည့်လိုက်ရာ သူ့ရှေ့တည့်တည့်ထဲတွင် မိန်းမပျိုရဲ့ မျက်နှာနှင့် ရုပ်တုလေးရဲ့မျက်နှာမှာ တထေရာတည်းတူလို့နေတာကို အံ့သြစွာတွေ့ရသည်။

"မင်း ... ငါ့ကို အိပ်မက်လာပေးတာလား"

ရုပ်တုလေးက သူ့လက်ထဲတွင် ဒီအတိုင်းလှုပ်တောင်မလှုပ် –

"မင်းက မင်းကိုပြန်ပို့ပေးပါဆိုတော့ ... ငါက ပြန်ပို့ပေးရမှာပေါ့ ... စိတ်ချပါ ... ငါမင်းကိုပြန်ပို့ပေးပါ့မယ်"

နှုတ်ကပြော၍ ရုပ်တုလေးအား စားပွဲပေါ်တင်၍ အခန်းအပြင်သို့ထွက်လာခဲ့သည်။

ထမင်းရှေ့ခန်းမှာတော့ ဖခင်ကြီးကထိုင်နေလျက် ကွမ်းအစ်ထဲမှ ကွမ်းရွက်တစ်ရွက်ထုတ်ကာ ထုံးနှင့်ယာနေသည်။

သူ့ကိုတွေ့တော့ ...

"သားငယ် ... ရန်ကုန်မှာ အလုပ်အဆင်ပြေရဲ့လား"

"ပြေတယ် ... အဖေ"

"အေး ... အေး ... အလုပ်ကို ရိုးရိုးသားသားလုပ် ... ရိုးသားမှုက တစ်သက်စားမကုန်ဘူးကွယ့် ... "

"ဟုတ်ကဲ့ အဖေ ... "

"ဘယ်တော့လောက် ရန်ကုန်ပြန်မှာလဲ"

ရဲထွဋ်က ခေတ္တမျှစဉ်းစားပြီးမှ ...

"မပြန်သေးဘူး အဖေ ... ကိုကြီး ပညာသွားသင်တဲ့ ကန်ပေါက်ရွာ သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သား ကိုကြီးမှ မရှိတော့တာ ဆုံးရှာပြီလေ ..."

"သားက ကိုယ်တိုင်သွားကြည့်ချင်တာ ... ပြီးတော့ အဲဒီရွာမှ တခြားကိစ္စတစ်ခုလည်း ရှိသေးတယ်"

"အေး ... အေး"

ဖခင်ကြီးက စကားနည်းသူဆိုတော့ ဘာမှ ဆက်မမေးတော့ ...

"သား ရေချိုးလိုက်ဦးမယ် ... အမေပြီးမှ ထမင်းစားကြတာပေါ့ ..."

"အေးလေကွယ် ... ငါ့သားနဲ့ ထမင်းအတူမစားရတာကြာပြီ"

"ဟုတ်ကဲ့ ... အမေ"

ရဲထွဋ်လည်း ရေချိုးရန်အတွက် ခြံထဲရှိရေတွင်းဆီသို့ထွက်လာသည်။ သူ့စိတ်ထဲမှာတော့ သူ့အိပ်မက်ထဲက မိန်းမပျိုနှင့် ရုပ်တုလေး ပြီးတော့ ကန့်ပေါက်ရွာနှင့် သူ့ကိုကြီးဖိုးအောင် ထူးခြားစွာတိုက်ဆိုင်နေမှုကိုတွေးတော အမြန်ဆုံးသွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

❖❖❖



## အခန်း (၁၄)
## အိမ်ကြီးရှင်ရဲ့ အမှာစကား

"တောက် ... တောက် ... တောက်"

ဝါးဆစ်တုံးကို အဆက်မပြတ်ခေါက်၍ သတိပေးသံက အလုပ်ရုံအတွင်း အလုပ်လုပ်နေကြသည့် ပန်းပုထုနေသူတို့ လုပ်လက်စအလုပ်ကို ထားသို့ချကာ အိမ်မဲကြီးအောက်ထပ် လူစုဝေးရာနေရာသို့သွားရန် ပြင်နေကြသည်။

"ဘာကိစ္စလဲ ...မသိဘူးဟေ့ ...အခုချိန် ဆရာကြီးက လူစုပြီးခေါ်လေ့မရှိပါဘူး ..."

"ဟုတ်တယ် ...အောင်ရွှေ တစ်ခုခုတော့ ထူးခြားမှုရှိလိမ့်မယ်"

တစ်ယောက်နှင့် တစ်ယောက် သူတို့ထင်ရာကို တီးတိုးပြောဆိုနေကြသည်။

လွန်စွာစည်းကမ်းတင်းကျပ်လွန်းသော မဟာရာခြံကြီးတွင် ပန်းပု



www.burmeseclassic.com

www.burmeseclassic.com



ပညာကို လာရောက်သင်ကြားနေသူများမှာ ရည်ရွယ်ချက်ကိုယ်စီရှိကြသည်

အများအားဖြင့်တော့ ပန်းပုပညာဖြင့် အသက်မွေးရန်လာရော

သင်ယူသူများဖြစ်ကြသည်။

တချို့ကတော့ ထိုသို့မဟုတ် ...

သူတို့မှာ သီးခြားရည်ရွယ်ချက် ရှိကြလေ၏။

လက်ရာအလွန်ကောင်း၍ ပန်းပုပညာရပ်တွင် တစ်ဖက်ကမ်း

တက်မြောက်သော ဆရာကြီး ဦးစောနွယ်ထံမှ ပညာအမွေအနှစ်ကိုယူ၍ လက်ဆ

ကမ်း ပညာပြန်ပေးရန် ရည်ရွယ်ထားသူများလည်းပါသည်။

"ကဲဟေ့ ...နောက်ထပ် အချက်ပေးသံမကြားရခင် အမြ

သွားကြမယ်"

ရဲခင်ဆိုသည့် ပညာသင်သူများကို ကြီးကြပ်ရသော ဗလ ကော

ကောင်းနှင့်လူကြီးက အော်လေ၏။

"ကိုရဲခင် ဘာကိစ္စလဲဗျ"

"ဘယ်သိမလဲ ...ရှည်မနေစမ်းနဲ့ ...ဟိုရောက်ရင် ကိုယ့်နေ

ကိုယ်ထိုင် မဆိုင်တဲ့စကားမပြောနဲ့ ကြားလား ..."

"ဟုတ် ...ဟုတ်ကဲ့"

ရဲခင်က လူပေါင်းစုံကို အုပ်ချုပ်ရတာဆိုတော့ ခပ်ကြမ်းကြ

ပြောဆိုသည်။

သူက ဦးအိုက်ပန် စိတ်အချရဆုံးတပည့်တစ်ယောက် အလ

လုပ်ရာမှာ ဖွံ့ဖြိုးသလို စည်းကမ်းကိုလည်း အတိအကျလိုက်နာတတ်သူ

၏။





အိမ်ကြီး၏အောက်ထပ်ကြမ်းပြင်မှာတော့ တပည့်တွေစုဝေးကာ

ထိုင်နေကြသည်။

အားလုံးက ငြိမ်သက်လျက် ဘာသံဆိုဘာသံမှ မကြားရ၊ စုဝေးကာ

ထိုင်နေသည်ဆိုတာလည်း စိတ်တန်းကာစနစ်တကျထိုင်နေခြင်း ဖြစ်သည်။

သူတို့မျက်နှာလှည့်ထားရာဘက်မှာတော့ နက်ပြောင်နေသော

သစ်သားများနှင့် ကာရံထားသည့် နံရံရှိသည်။

ဆရာကြီးဦးစောနွယ်က စကားပြောစရာရှိလျှင် ထိုနံရံနောက်

ကပြောသည်။ အသံကတော့ ဟိန်းနေအောင်ကြားရ၏။ အဘယ်သို့သော

လက်မှုပညာနှင့် ဖန်တီးထားသည့်ကို တစ်ဦးတစ်ယောက်မှ သိရှိခြင်းမရှိ။

"တောက် ...တောက် ...တောက်"

ဒုတိယအကြိမ် အချက်ပေးသံထွက်လာတော့ ဦးအိုက်ပန်က အားလုံး

ရှေ့တည့်တည့်ရပ်၍ ...

"ကျွန်တော်တို့ အားလုံးရောက်ပါပြီ ဆရာကြီး"

ပြောပြီး ရှိသေစွာခေါင်းကိုငုံ့ထားလိုက်သည်။

ခဏကြာတော့ နံရံအနောက်မှ အသံထွက်ပေါ်လို့လာသည်။

"ငါ့တပည့်အားလုံးကို ဆရာကြီးပြောမယ် အသေအချာနားထောင်

ကြ ..."

အသံက ခေတ္တရပ်သွားပြီးမှ ဆက်၍ ...

"ငါ့တပည့်တွေ ပန်းပုပညာရပ်ကို တက်ချင်လို့ အနယ်နယ်အရပ်ရပ်

ကနေ အပင်ပန်းခံ ဒုက္ခခံပြီး ဒီခြံကြီးမှာ ပညာလာသင်ကြတယ် ...

အများစုက စည်းကမ်းလိုက်နာပြီး သင်ယူကြပါတယ် ...ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့နှစ်က စည်းကမ်းဖောက်ခဲ့တဲ့ တပည့်တစ်ယောက်ဟာ မဟာရာဇ်ခြံကြီး အထူးအရေးကြီးတဲ့ ရုပ်တုတစ်ရုပ်ကို ခိုးယူပြီးထွက်သွားတယ် …

သူကိုယ်တိုင်လည်း ဒီရွာကမကျော်ဘဲ အသေဆိုးနဲ့သေခဲ့တယ် သို့သော်လည်း သူခိုးသွားတဲ့ရုပ်တုလေးက ပျောက်ချင်းမလှပျောက်နေတယ်

အဲဒီရုပ်တုလေးဟာ ဆရာကြီးတို့မိသားစုရဲ့အသက်ပဲ ပြန်မရ လို့လည်းမဖြစ်ဘူး''

စကားသံက ရပ်သွားပြန်သည်။ အားလုံးက ဆရာကြီးဘာဆက် ပြောမလဲ သိချင်နေကြသဖြင့် နားစွင့်ထားကြလေ၏။

ဆရာကြီးကဆက်ပြီး …

''ရွာထဲမှာ ရှိမလားဆိုပြီး စုံစမ်းကြည့်တော့လည်း မရှိပြန်ဘူး။ အခုဆို ရုပ်တုလေးဟာ ဆရာကြီးတို့ မိသားစုအတွက် အရမ်းကိုလိုအပ်နေပါ တယ် …ဘာလို့လဲဆိုတော့ ရုပ်တုလေးဟာ ဆရာကြီးတို့ မျိုးရိုးစဉ်ဆက် ဝိညာဉ်တွေကို အစဉ်တစိုက်သိမ်းထားခဲ့တာကြောင့်ပဲ''

''ဟင် …''

''ဟာ''

''အို …''

အားလုံးရဲ့ အာမေဋိတ်သံများ ထွက်လာသည်။ ဆရာကြီးက ဆက် ၍ …

''အဲဒီ ဝိညာဉ်မယ်တော်ရုပ်တုဟာ အစွမ်းသိပ်ထက်တယ် မသမာသူတွေလက်ထဲရောက်သွားရင် မလွယ်ဘူး …

တပည့်တို့လည်း ပညာစုံသလောက်ရှိပါပြီ _ ကိုယ့်အရပ်ဒေသက်

---



ကိုယ်ပြန်ခွင့်လည်း ဆရာကြီးပေးလိုက်ပါပြီ _ ကိုယ်ရောက်ရာအရပ်ဒေသမှာ ရုပ်တုလေးကိုရှာပြီး တွေ့ခဲ့ရင် ဒီမဟာရာဇ်အိမ်ကြီးရဲ့ အပေါ်ထပ် ဝိညာဉ် မယ်တော်ရုပ်တုထားရာ ကလပ်ပေါ်လာတင်ပေးပါ လို့ ဆရာကြီးမှာလိုက်ပါ တယ် …''

''ဟုတ်ကဲ့ပါ ဆရာကြီး''

တပည့်များရဲ့ စကားသံက သံပြိုင်ထွက်လာကြသည်။

''ကဲ … ရပြီသွားကြတော့ … ကိုယ်ကျင်လည်ရာအရပ်မှာ အောင်မြင်ပါစေ …''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဆရာကြီး''

အားလုံးရဲ့ ပြန်ပြောသံကြားရပြီး အသံလာရာ အခန်းနံရံကို ညှိမှန်းကန်တော့ကြပြီး ရှိသေစွာထွက်လာခဲ့ကြသည်။

ထိုအဖြစ်အပျက်တို့ကို တစ်နေရာကချောင်းကြည့်နားထောင် နေသူတစ်ဦးရှိသည်။

သို့သော် …

သူတို့အားလုံးက ထိုသူကို မတွေ့ကြ …

''ငါတော့ကွာ ပညာတွေတပင်တပန်းသင်ပြီး အခုလို ခွဲရမှာ စိတ်ထဲမကောင်းဘူး …''

''ငါလည်း မင်းလိုပါပဲ မောင်ဦးရယ် _ ပန်းပုပညာသာတက်ခဲ့တာ ဆရာကြီးကိုတစ်ခါမှ မမြင်ဖူးလိုက်ဘူး _ ဆရာကြီးကျေးဇူးကို ဆပ်တဲ့အနေ နဲ့ သူထားစေချင်တဲ့ ကလပ်ပေါ်မှာ ဝိညာဉ်မယ်တော်ရုပ်တုကို တွေ့အောင် ရှာပြီး ထားပေးချင်လိုက်တာ …''

---

ဒီရင့်အေအင်ဇာဇဝ

www.burmeseclassic.com

www.burmeseclassic.com

"ငါလည်း မင်းလိုပဲကျော်သန်းရာ ..."

တပည့်များက သူတို့ဆရာကြီးရဲ့ ဆန္ဒကိုလွန်စွာဖြည့်စီးပေးချင်ပေမယ့် ဝိညာဉ်မယ်တော်ရုပ်တုကို ဘယ်ကနေဘယ်လိုစရှာရမှန်းမသိဖြစ်နေသည်။

တစ်ခုတော့ရှိသည်။

ဝိညာဉ်တွေကို အစဉ်တစိုက် သိမ်းထားခဲ့သည်ဆိုသော ဝိညာဉ်မယ်တော်ဆိုတာကိုတော့ သူတို့သိခွင့်ရခဲ့သည်လေ ...

တပည့်များ ကိုယ်စီကိုယ်စီပြန်သွားတော့ မဟာရာခြံကြီးနှင့် စံအိမ်ကြီးမှာ တိတ်ဆိတ်လို့နေလေတော့သည်။

❖❖❖



# အိမ်ကြီးထဲမှာ ဘာတွေရှိလဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)
## ရုပ်တုမင်းသမီး

"အင်း ... မောင်ရင်ပြောပုံအရဆို မောင်ရင့်အစ်ကိုဖိုးအောင် ပြောတာနဲ့ ကွဲလွဲနေတယ် ..."

သူကြီးက ရဲထွန်းပြောတာကို စိတ်ဝင်တစားနှင့် စိုက်ကြည့်နေပြီး–

"ကိုကြီးက သူစည်းကမ်းဖောက်လို့ ဝိညာဉ်မယ်တော်ရုပ်တုပေးပြီး နှင်တာလို့ပြောတယ်နော် ..."

"အဟုတ်ပဲ မောင်ရင် ..."

"ကျွန်တော့်အထင်တော့ ... ကိုကြီးပြောတာမဖြစ်နိုင်ဘူး။ သူ့ရဲ့သိချင်စိတ်ကြောင့် လျှောက်ကြည့်ပြီး ရုပ်တုကိုတွေ့လို့ စိတ်ဝင်စားပြီးယူမယ် ... ရုပ်တုပျောက်သွားတာသိတော့ သူလည်းလန့်ပြီး ထွက်ပြေးရင်း သူကြီးဆီရောက်လာတာပဲနေမှာ ..."

သူကြီးက ရေနွေးကြမ်းကို တငုံယူသောက်၍ ပြန်ချကာ –

"မောင်ရင့်အစ်ကိုကြည့်ရတာ တစ်ယောက်ယောက်က နောက်က





လိုက်လာတာကိုတွေ့လို့ ထိတ်လန့်ပြီး ကျုပ်ကိုပေးစရာရှိတာပေးပြီး ထွက်ပြေးသွားတာ"

"ဟုတ်မှာပါ ... သူ့နောက် ဘယ်သူလိုက်လာလည်းဆိုတာ ကျွန်တော်သိပါတယ်"

"ဟင်"

ရဲထွန်းစကားကြောင့် သူကြီးအံ့ဩလို့သွားသည်။

"မောင်ရင်ကသိနေတယ် ... ဟုတ်လား၊ ထားပါလေ မောင်ရင် အခုဘာဆက်လုပ်မလဲ ... မောင်ရင့်လက်ထဲရောက်လာတဲ့ ရုပ်တုလေးတို့ သူတို့ကို သွားပေးမလား ..."

"ဟင့်အင်း ..."

ရဲထွန်းကခေါင်းခါလိုက်သည်။

"မပေးရင် ဘာလုပ်မလဲ ကျုပ်သိရသလောက် ဒီရုပ်တုလေးတို့ မှတ်ကြီးကို မောင်ရင်တို့မိသားစုဆီပေးခိုင်းတယ် ... မှတ်ကြီးလေးလေး တော့ မသိဘူး ... နောက်ပိုင်းကြားရတာ မှတ်ကြီးတစ်ယောက်ကြီးသွားသွားတာပဲ ... ပြီးတော့ သေတယ် ... မောင်ရင်ကမှတ်ကြီးသေတဲ့နေရာမှာ တိုက်တိုက်ဆိုင်ဆိုင် ကောက်ရတယ် ..."

မောင်ရင့်အစ်ကိုလည်း ဒီရုပ်တုလေးကြောင့် သေခဲ့ရတယ် မှတ်ကြီး သေတာလည်း ရုပ်တုလေးကြောင့်ပဲထင်တယ် ... မောင်ရင့်လက်ထဲမှာ ရုပ်တုဘာလို့ထားမှာလဲ ပြန်ထားလိုက်ပါ ..."

သူကြီးက သူ့အမြင်ကို ရှင်းလင်းစွာပြောတော့ ရဲထွန်းက –

"ကျွန်တော် ရုပ်တုလေးကိုပြန်ထားမှာပါ ... ဒါပေမယ့် ကျွန်တော့်အစ်ကိုကြီးသေရတာ ... ဘာကြောင့်လဲ ... ဆိုတာ သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောလေရာ သူကြီးက ...

"ကျုပ်ပြောပြီးပြီပဲ ... မောင်ရင်ရယ် ... တစ်စုံတစ်ခုကို ကြောက်ပြီး ပြေးရင်းလွှားရင်း လျှို့ထဲကျပြီးသေတာလို့ တစ်ခုထူးဆန်းတာက သူ့ခန္ဓာကိုယ်တစ်ခုလုံး မည်းနက်သွားတာပဲ"

"သူကြီးပြောတာမှန်တော့မှန်ပါတယ် ... ဒါပေမယ့် သူ့ကို ကြောက်လန့်အောင်လုပ်တာ ... ဘယ်သူလဲ အဖြေတော့ရှိရမှာပေါ့"

"အင်း ... မောင်ရင်က ကိုယ့်အစ်ကိုအရင်းတစ်ယောက်လုံး အခုလိုဖြစ်တာဆိုတော့ သိချင်မှာပေါ့ ... တစ်ခုသတိပေးချင်တာက မောင်ရင် မဟာ့ရာခြင်္ကြီးနဲ့မပတ်သက်ပါနဲ့ မောင့်ရင့်အတွက် အန္တရာယ်များလို့ ပြောတာပါ ..."

သူကြီးပြောတာကို ရဲထွဋ်ကခေါင်းလည်းမညိတ် ခေါင်းလည်း မခါလုပ်နေသည်။

ထိုစဉ် ...

"အဖေနဲ့ ညီ့သည်အစ်ကို ထမင်းစားလို့ရပါပြီ"

သူကြီးရဲ့သမီး စံပယ်ဖူးကလာပြောတော့ သူကြီးက ...

"မောင်ရင် ထမင်းစားရအောင် ... ကျုပ်တို့တောမှဆိုတော့ မောင်ရင်တို့မြို့လို ဟင်းကောင်းချက်မကျွေးနိုင်တာ စိတ်မကောင်းဘူး"

"ရပါတယ် သူကြီး ... အခုလို ကျုပ်ကိုတည်းခိုခွင့်ပေးတာပဲ ကျေးဇူးတင်ပါတယ် ..."

ရဲထွဋ်ကပြော၍ သူကြီးနှင့်အတူ ထမင်းစားရန်ထွက်လာခဲ့လေတော့သည်။

❖❖❖



"အစ်ကိုရယ် ... မဟာ့ရာခြင်္ကြီးနဲ့ပတ်သက်လို့ တခြားသာမှ စိတ်မဝင်စားပါနဲ့ ... သူတို့နဲ့ပတ်သက်တယ်ဆိုတဲ့ ရုပ်တုလေးကိုစေထိုက် ပါလား ..."

ရဲထွဋ်နှင့် စံပယ်ကရွာပြင် ညောင်ကုန်းရှိ ဘုရားဖြူလေးသို့ ဘုရားလာဖူးရင်း စံပယ်ဖူးက ရဲထွဋ်ကိုပြောလေ၏။

ညောင်ကုန်းစေတီလေးမှာ တောင်ကုန်းအမြင့်ပေါ်မှာတည်ရှိသဖြင့် ရွာကိုအပေါ်စီးမှမြင်ရသလို လယ်ကွက်များ ယာကွက်များကိုလည်း တမျှော်တခေါ်မြင်နေရသည်။

ရဲထွဋ် ရွာရောက်တော့ သူကြီးအိမ်မှာတည်းခိုရင်း စံပယ်ဖူးနှင့် ရင်းနှီးခဲ့သည်။

"မဟာ့ရာခြင်္ကြီးက အရမ်းလျှို့ဝှက်တာအစ်ကိုရဲ့ ... သူတို့ရဲ့ အလုပ်ကို ဘယ်သူကိုမှအသိခံတာ မဟုတ်ဘူး ..."

"ကိုယ်က အဲဒါကို စိတ်ဝင်စားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲထွန်းကပြောတော့ စံပယ်ဖူးက မျက်စောင်းထိုးကာ ...

"အစ်ကို့အတွက် စံပယ်ကစိတ်ပူလို့ပြောနေတာနော်"

"ဟုတ်ပါတယ် ... အစ်ကို့လက်ထဲကို ရုပ်တုလေးရောက်လာတည်းက အစ်ကို့စိတ်တွေတစ်မျိုးပဲ ရုပ်တုလေးနဲ့ပတ်သက်တဲ့အကြောင်းတွေသိချင်လာတယ် ...

ပြီးတော့ ရုပ်တုလေးကိုအိပ်မက်မက်တယ် ... "

"ဟင် ... အိပ်မက် မက်တယ်ဟုတ်လား"

စံပယ်ဖူးက မျက်လုံးလေး ဝိုင်းကာမေးလိုက်၏။

"ဟုတ်တယ် ... အိပ်မက်ထဲမှာ ရုပ်တုလေးကအရမ်းချောတဲ့ မင်းသမီးလေးပေါ့"

"ဘာလဲ ... အစ်ကိုက အဲဒီမင်းသမီးလေးကို မတွေ့ရမှာစိုးလို့ ရုပ်တုလေးကို သွားမထားတာလား ... "

စံပယ်ဖူးက စိတ်ကောက်ဟန်ဖြင့် မေးလေရာ ရဲထွန်းကပြုံး၍

"အိပ်မက်ထဲက မင်းသမီးလေးကို အစ်ကိုမတွေ့ချင်ပါဘူး အပြင်က မင်းသမီးလေးကိုတွေ့ချင်တာပါ ... "

"ဟင် ... အပြင်က ဘယ်မင်းသမီးလဲ ... "

စံပယ်ဖူးကမေးလေရာ ရဲထွန်းက ...

"ဒီက မင်းသမီးလေး လေ ... "

"အို ... "

ရဲထွန်းရဲ့ အပြောကြောင့် စံပယ်ဖူးက ခေါင်းလေးကိုငုံ့ကာရဲတက်နေသည့် မျက်နှာကို ဆံပင်ရှည်တို့ဖြင့် ဖုံးကွယ်ကာထား၏။





"တကယ်ပြောတာ စံပယ်ရဲ့ အစ်ကိုစံပယ်ကို အမြဲတွေ့ချင်နေတာ"

"ဘာလို့လဲ ... "

"စံပယ်ကို ချစ်လို့လေ ... "

"ရှင် ... "

စံပယ်ဖူးတစ်ယောက် ရဲထွန်းမျက်နှာကို မကြည့်ရဲတော့ ... ရဲထွန်းက စံပယ်ဖူး ပခုံးလေးကိုလှမ်းကိုင်လိုက်ရာ စံပယ်ဖူးက အသာအယာ[illegible]၍ ...

"ဘုရားမှာနော် အစ်ကို"

"ဘုရားက သူ့ချစ်သူ ပခုံးလေးကိုဖက်တာလောက်ကို စိတ်ဆိုးပါဘူး ... "

"အစ်ကိုက စကားအတော်တက်တယ် ... "

ရဲထွန်းက ကြည်နူးစွာ ရယ်မောလိုက်၏။

စံပယ်ဖူးက ရှက်ပြုံးလေး ပြုံးကာ ခေါင်းကိုငုံ့ထားလျှက်သာ နေလေတော့သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်တွေနဲ့ ပတ်သက်တာတွေကို . . .

## အခန်း (၁၆)

## ကာလပ်ပေါ်ရောက်ရှင်

“မောင်ရင်နဲ့ ပြောစရာရှိလို့ ခဏနေပါဦး”

ရဲထွန်းတစ်ယောက် မဟာ့ရာခြံရှေ့မှ ဖြတ်အလျှောက်ခြံတံခါး– မှ သက်ခြောက်ဆယ်ကျော်အရွယ် ရှမ်းဘောင်းဘီနှင့်ခွပ်ကျယ်လက်ပြတ် ဖြူကိုဝတ်ထားသည့် ခန္ဓာကိုယ်တောင့်တောင့် အဘိုးအိုတစ်ဦးကပြောလေ၏

“ကျွန်တော့်ကိုလား ... ”

ရဲထွန်းကမေးလေရာ ... အဘိုးအိုက ...

“ဟုတ်တယ် မောင်ရင် ... အဘနာမည် ဦးအိုက်ပန်ပါ၊ မောင်ရင်အားမယ်ဆိုရင် ညနေညောင်ကုန်းစေတီကိုလာခဲ့ပါ”

“အင်း ... ရတယ်လေ လာခဲ့မယ်”

ရဲထွန်းကပြော၍ ဆက်လျှောက်လာရာ သူ့ကျောပြင်အား ဦးအိုက်ပန်ကြည့်နေမှန်းသိ၏။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်ခုခုတော့ ထူးမှာပဲဟုစိတ်ထဲကထင်ထားသည်။ သူစိတ်ဝင်စားတာက သူ့လက်ထဲကရုပ်တုလေးဟာ မဟူရာစံအိမ်က လူတွေရဲ့ ဝိညာဉ်တွေကို စေနိုင်းနိုင်သည်ဆိုတာနှင့်

ဦးစောနွယ်ဆိုသည့် ပန်းပုဆရာကြီး ...

ပြီးတော့ ... သူ့အစ်ကိုကို သတ်လိုက်သည့် ဝိညာဉ် ... ထိုအရာအားလုံးရဲ့အဖြေဟာ မဟူရာစံအိမ်ကြီးမှာပဲ ရှိသည်ဟု ထင်သာ သည်။

ညနေရောက်၍ ဘုရားကုန်းပေါ် ရဲထွဋ်ရောက်သွားသောအခါ ဦးအိုက်ပန်က ကြိုရောက်နှင့်နေသည်။

"ရောက်နေတာကြာပြီလား အဘ ..."

"မကြာသေးပါဘူးကွယ် ... လာမောင်ရင် ဟိုဘက်ဘုရားရင်ပြင်မှာ သွားထိုင်ရအောင်"

"ဟုတ်ကဲ့ ..."

ဦးအိုက်ပန်က အနောက်ဘက် ဘုရားရင်ပြင်တွင် ထိုင်ရာ ရဲထွဋ်လည်း ဦးအိုက်ပန်ရှေ့တွင် ထိုင်လိုက်သည်။

"ကျွန်တော့်ကိုပြောစရာရှိတယ်ဆိုတာ ..."

ရဲထွဋ်ကစကားကိုစလိုက်ရာ ဦးအိုက်ပန်က ...

"ဒီလိုပါ ဟိုတစ်ရက် ဆရာကြီးတပည့်တွေကို နှုတ်ခွန်းဆက်တုန်းက မောင်ရင် အဘတို့အိမ်ကြီးကိုရောက်နေတယ်ဆိုတာ အဘတို့သိပါတယ် ..."

"ဗျာ ..."





သူ လျှို့ဝှက်စွာ သွားခဲ့သည်ကို ဘယ်သူမှမသိဘူးဟုထင်ထားသည့် ရဲထွဋ်အံ့သြသွားသည်။

"ဟုတ်ပါတယ် ... တကယ်တော့ မဟူရာစံအိမ်ကြီးမှာ ဘယ်သူမှ မဟုတ်တာလုပ်လို့ မရပါဘူး ... ဘာလို့လဲဆိုရင် မဟူရာစံအိမ်က အစောင့်အရှောက်အားလုံးဟာ ဝိညာဉ်တွေဖြစ်နေလို့ပဲ"

ဦးအိုက်ပန်က ခြိမ်းခြောက်သလိုလို သတိပေးသလိုလိုပုံစံနှင့် ပြောတာကို ရဲထွဋ်က စိတ်ဝင်တစားခေါင်းညိတ်ပြသည်။

"မဟူရာစံအိမ်ကြီးရဲ့ အဓိကအသက်ဖြစ်တဲ့ ဝိညာဉ်မယ်တော်ရုပ်တုကို ခိုးသွားတဲ့လူလည်း အသေဆိုးနဲ့သေခဲ့ပါတယ် ..."

"ဟုတ်လား ..."

ရဲထွဋ်က မသိဟန်ဆောင်ကာမေးလိုက်၏။

"ဝိညာဉ်မယ်တော်ရုပ်တုပျောက်သွားပြီးမှာ မဟူရာစံအိမ်မှာ ဝိညာဉ်အစောင့်တွေ ပိုထားရတယ်"

"ဘာလို့လဲ ... အဘ"

"မဟူရာစံအိမ်က ရုပ်အလောင်းတွေပျောက်သွားမှာ စိုးလို့ပါ"

"ဘယ်လို ... ရုပ်အလောင်းတွေ ဟုတ်လား ..."

"ဟုတ်တယ် ... အဲဒီရုပ်အလောင်းတွေဟာ မဟူရာစံအိမ်ရဲ့ ပိုင်ရှင်တွေရဲ့ ရုပ်အလောင်းပဲ သူတို့ဟာဝိညာဉ်မယ်တော်ရုပ်တုရှိရင် လှုပ်ရှားသွားလာနိုင်တယ် ...

ရုပ်တုမရှိရင်တော့ ဝိညာဉ်အဖြစ်သာရှိနိုင်တယ်"

ဦးအိုက်ပန်ပြောတာတွေဟာ စိတ်ဝင်စားစရာကောင်းတာကြောင့် ရဲထွဋ်က ...



www.burmeseclassic.com

www.burmeseclassic.com



"ဝိညာဉ်မယ်တော်ရုပ်တုသာ မဟာ့ရာစံအိမ်ကြီးက ကလပ်ပေါ်
ပြန်ရောက်ရင် အလောင်းတွေ ဘာဖြစ်မလဲ … "

"ပြန်နိုးလာမှာပေါ့ … ဒါပေမယ့် သူတို့အလောင်းတွေ
ပျက်စီးနေပါပြီ"

"ဟင် … ဘယ်လိုတွေလဲ"

ဦးအိုက်ပန်က ဘုရားကုန်းမှအဝေးသို့ ရီဝေစွာကြည့်၍ …

"သူတို့မိသားစုဟာ လွန်ခဲ့တဲ့နှစ်သုံးဆယ်လောက်တည်းက သူတို့
ပညာပြိုင်ဘက်တွေရဲ့ လက်ချက်နဲ့ သေခဲ့ကြတာပါ … ဒါပေမယ့် ဆရာကြီး
ပန်းပုပညာရှင်အပြင် ထူးခြားတဲ့ ဂမ္ဘီရအတတ်ပညာတတ်တော့ အစီအ
တွေနဲ့ သူတို့ယုံကြည်တဲ့ ဝိညာဉ်မယ်တော်ရုပ်တုဆီက ခွင့်ပန်ပြီး အသက်
သလိုနေခဲ့ကြတာပါ …

ဒါပေမယ့် ဆရာကြီးတို့အသတ်ခံရတဲ့ ညဘက်မှာဒဏ်ရာ
ညီးတဲ့အတိုင်း ညစဉ်ညတိုင်းညီးနေတော့တာပဲ … "

ရဲထွန်းသဘောပေါက်လာသည်။ ထို့ကြောင့်လည်း သူသိချင်တာ
ဦးအိုက်ပန်အား …

"တကယ်လို့ ဝိညာဉ်မယ်တော်ရုပ်တုကို ကလပ်ပေါ်ပြန်ထားလိုက်ရင်
ဆရာကြီးတို့ရုပ်အလောင်းတွေ ဘာဖြစ်မလဲ … "

"အရင်လို လှုပ်ရှားသွားနိုင်လာမယ် … ဒါပေမယ့် ရုပ်တွေ
ကပျက်နေပြီဆိုတော့ … "

ဦးအိုက်ပန်စကားကို ရပ်လိုက်သည်။

ရဲထွန်းက …





"ဝိညာဉ်ဘဝက စကားပြောနေတာ လူတစ်ယောက်ရဲ့အသံမျိုး
ပဲ … ဘယ်လိုကြောင့်ပြောနိုင်တာလဲ … "

"ထူးခြားတဲ့ ပညာရပ်တစ်ခုပါ … မောင်ရင်ကြားမှာပါ အသံက
ထူးခြားတယ် … လူတစ်ယောက်ရဲ့ အသံလိုမျိုး မဟုတ်ဘူး"

"သတိတော့ထားမိပါတယ် … "

"ကျုပ်သဘောကတော့ ဝိညာဉ်မယ်တော်ရုပ်တုကို သူ့နေရာသူ
ပြန်ရောက်စေချင်သလို ဆရာကြီးတို့မိသားစုကိုလည်း ကျွတ်တမ်းဝင်စေ
ချင်ပါတယ် …

ခန္ဓာကိုယ် ဇီဝကမ္မကို ဆေးတစ်မျိုးနဲ့ထိန်းထားပြီး သက်ရှိလို
နေထိုင်နေတဲ့ ဘဝဟာ တကယ်တော့ လောကသဘာဝနဲ့ ဆန့်ကျင်နေ
တယ်လေ … "

"ဟုတ်ပါတယ် … အဘ ကျွန်တော်ဘာလုပ်ပေးရမလဲပြောပါ"

အဘဦးအိုက်ပန်က ရဲထွန်းကိုသေချာစိုက်ကြည့်၍ …

"လာမည့် လပြည့်နေ့ညသန်းခေါင်မှာ မောင်ရင်မှာရှိတဲ့ ဝိညာဉ်
မယ်တော်ရုပ်တုကို မဟာ့ရာစံအိမ်ကြီးမှာရှိတဲ့ ကလပ်ပေါ်တင်ပေးလိုက်ပါ"

"ဗျာ … ကျွန်တော့်မှာရုပ်တုရှိတာ အဘဘယ်လိုလုပ်သိလဲ"

"မောင်ရင် … ရွာရောက်ထဲက ကျုပ်သိပါတယ် … ပြန်ယူ
လို့လည်း ရပါတယ် … ဒါပေမယ့် ဝိညာဉ်မယ်တော်ရုပ်တုကို ယူသွားတဲ့ လူ
ဒါမှမဟုတ် သူ့ရဲ့သွေးသားကသာ ရုပ်တုကိုကလပ်ပေါ်ပြန်တင်ခွင့် ရှိတာ
ပါ … "

"အဲလိုဆို … "



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်လာခဲ့ပါ _ လပြည့်ညမှာကျုပ်စောင့်နေပါ့မယ်"

ဦးအိုက်ပန်ကပြော၍ မတ်တတ်ထရပ်ကာ ဘုရားရင်ပြင်မှဆင်းသွားလေတော့သည်။

❖❖❖



## ဝိညာဉ်တွေမှိုးထလာလား . . .

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

မဟာ့ရာဇ်အိမ်ကြီးရဲ့ အောက်ထပ်ခန်းမကျယ်ကြီးမှာ သစ်သားကနုတ်ပန်းများဖြင့် ထွင်းထုထားသော ကုလားထိုင်ကြီးတစ်လုံးပေါ်တွင် ဦးအိုက်ပန်က ထိုင်နေသလို သူ့ဘေးတွင် ဒေါ်ဖွားကောက်က မတ်တတ်ရပ်ကာနေ၏။

အခန်းတစ်ခုလုံး မီးအလင်းရောင်ရစေရန် မီးတုပ်များ ထွန်းညှိလို့ထားသည်။

သူတို့ရဲ့ မျက်လုံးတွေက တစ်စုံတစ်ယောက်ကိုမျှော်နေကြသည်။ ဒီမဟာ့ရာဇ်အိမ်ကြီးရဲ့ သစ္စာရှိကျေးကျွန်းကြီးများ ...

တစ်နည်းအားဖြင့် မဟာ့ရာဇ်အိမ်ကြီးရဲ့ ရုပ်အလောင်းကောင်များ တဖြည်းဖြည်း ညဉ့်နက်လာသည်ထက်နက်လို့လာသည်။

သူတို့ရဲ့မျက်လုံးတွေက မဟာ့ရာဇ်အိမ်ကြီးရဲ့ တံခါးဆီသို့ အကြည့်များက မျှော်လင့်တကြီး ကြည့်နေဆဲ ...

---

ရိုရှင်အောင်မိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"အု ... ဂူး ... "

ခြံဝမှာ ခွေးအူသံနှင့်အတူ ဘောင်းဘီရှည်အနက်ပွပွ အကျႌ အနက်လက်ရှည်ကိုဝတ်ထားသည့် လူငယ်တစ်ယောက် မဟာရာစံအိမ်ကြီးဆီသို့ ခြေတစ်လှမ်းချင်း လှမ်းကာဝင်လာသည်။

ဦးအိုက်ပန်က ထိုင်နေရာမှ အားရဝမ်းသာထ၍ ...

"လာ ... မောင်ရင် ကျုပ်တို့ မောင်ရင့်ကိုစောင့်နေတာ"

"ကျွန်တော် နောက်မကျပါဘူး ... "

ရဲထွဋ်က နံရံကတိုင်ကပ်ချိန်သီးနာရီကြီးကိုကြည့်၍ ပြောလေရာ နာရီလက်တံက ညဆယ့်နှစ်နာရီထိုးရန် ဆယ်မိနစ်အလိုကိုပြနေ သည်။

"ဟုတ်ပါတယ် ... ကျုပ်တို့က စိတ်လောနေတာပါ ... လာ အပေါ်ထပ်သွားရအောင် ... "

"အင်း ... "

ရဲထွဋ်က ခေါင်းညိတ်ပြလိုက်ပြီး ကြောင်လိမ်လှေကားမှတစ်ဆင့် အပေါ်ထပ်ဆီသို့ တက်၍လာသည်။

အပြင်မှာထက် အိမ်ကြီးအတွင်းပိုင်းမှာ ပို၍အေးစိမ့်နေသည်။ လှေကားထစ်များမှာ သစ်နက်သားဖြင့် ပြုလုပ်ထားသဖြင့် နက်ပြောင် လို့နေ၏။

ဦးအိုက်ပန်က အပေါ်ထပ်သို့ ဦးဆောင်ကာခေါ်လာပြီး လှေကားထိပ် ရောက်တော့ မြင်ရသည့် မြင်ကွင်းကြောင့် ရဲထွဋ်တစ်ယောက် သူ့မျက်လုံးကို သူမယုံနိုင်အောင် ဖြစ်သွားသည်။

"ဟင်"





အပေါ်ထပ်အခန်းကျယ်ကြီးတွင် ခေါင်းနက်ကြီးသုံးလုံးကို တန်းစီ၍ ချထားသည်။ ထိုခေါင်းနက်ကြီးများ၏ အနောက်ဘက် သစ်သားနံရံနှင့်ကပ်၍ လွန်စွာလှပ၍ကြီးမားသော မြွေကြီးနှစ်ကောင် ပါးပျဉ်းခွက်ကာ ကလပ်ပေါ် အုပ်မိုးထား၏။

အလင်းရောင်ရစေရန် မီးတုပ်ကြီးကို နံရံတိုင်တွင်ထွန်းညှိလို့ ထားသည်။

ဦးအိုက်ပန်က ခေါင်းနက်ကြီးနားခေါ်၍ အဖုံးကိုလှပ်ပြလေရာ –

"ဟင် ... "

ပထမအခေါင်းအတွင်းမှ ကြောက်မက်ဖွယ်အလောင်းကြီးကို တွေ့ရသည်။

ဝတ်ထားစားထားပုံမှာ ယောကျ်ားကြီးတစ်ဦးဖြစ်နေသလို အဝတ်အစားတို့ခွေးမြေ့နေ၏။

"ဒါ ဆရာကြီးဦးစောနွယ်ပါ ... ဒီဘက်အခေါင်းထဲက ဆရာကတော် ဒေါ် ... ပါ"

"အင်း ... "

ဒေါ် ... ရဲ့ရုပ်ရည်မှာ ပိန်လှပ်နေသည်။ အဝတ်အစားတို့မှာလည်း အရောင်လွှင့်နေသည်။

"လာ ... ဒီအခေါင်းကိုကြည့် ... "

"ဟင် ... "

သေးအစွန်ဘက်အခေါင်းထဲမှာတော့ ရုပ်တုရဲ့ပုံနှင့်တစ်ထေရာတည်း နန်းဝတ်နန်းစားနှင့် မိန်းမပျိုတစ်ယောက် ...



www.burmeseclassic.com

www.burmeseclassic.com



ဦးအိုက်ပန်က ...

"သူက ဦးစောနွယ် ဒေါ်နန်း ... တို့ရဲ့ သမီး နန်းကြာဖြူပါ"

"ရုပ်တုရဲ့ ပုံနဲ့တစ်ပုံစံတည်းနော် ... "

"ဟုတ်တယ် ... သူက ဘဝဆက်တိုင်းအခုလို ရုပ်ရည်မျိုးပါပဲ၊ အဖန်ဖန်ဝင်စားနေတာပေါ့ ... ကဲမောင်ရင် ... အချိန်ရောက်ပြီ ကလပ်ပေါ်ရုပ်တုတင်လိုက်ပါ ...

ဒါမှ သူတို့နိုးထလာမှာပါ ... ပြီးရင် ညောင်ကုန်းစေတီကို အသစ်ပြန်တည်ကြလိမ့်မယ် ... အဲဒီအခါမှ သူတို့ကျွတ်တမ်းဝင်မှာလေ"

"အခုလို ရုပ်အလောင်းပုံတွေနဲ့ အသက်ဝင်လာရင်ဖြစ်ပါ့မလား"

ဦးအိုက်ပန်က အဖြေမပေးဘဲ ရုပ်တုကို ကလပ်ပေးတင်ရန်သာ တိုက်တွန်းနေသည်။

ရဲထွဋ်လည်း အိတ်ထဲက ရုပ်တုလေးကို တရိုတသေထုတ်ကာ ကလပ်နားဆီ တစ်လှမ်းချင်းလျှောက်လို့သွားသည်။

"ရှိ ... ရှိ ... "

အနားရောက်တော့ ကလပ်ပေါ်အုပ်မိုးထားသည့် ပါးပျဉ်းခွက် နေသည့် မြွေနှစ်ကောင်မှာ ရုပ်တုမဟုတ်ဘဲ သက်ရှိဖြစ်နေသဖြင့် အနည်းငယ်ထိတ်လန့်နေ၏။

သို့သော်လည်း ...

ရဲထွဋ်က ကလပ်ရှေ့မတ်တတ်စုံရပ်၍ ကလပ်ပေါ် ရုပ်တုလေး အား တင်လိုက်သောအခါ ...

"ဝုန်း ... "





"ဒုန်း ... "

"ဟာ ... "

လုံးဝမထင်ထားသည့် အဖြစ်အပျက်တစ်ခု ...

အခေါင်းဖုံးများ တွန်းဖွင့်လိုက်သည့်အသံနှင့်အတူ အခေါင်းထဲမှ အလောင်းကောင်များ ထ၍ထိုင်ကြသည်။

"ဟင်"

သိမ့်ခနဲဖြစ်သွားသည့် အိမ်ကြီးမှာ တဖြည်းဖြည်းနှင့်ခါရမ်းလို့လာ၏။ ဦးအိုက်ပန်က ရဲထွဋ်အနားသို့ပြေးလာ၍ လက်ကိုဆွဲကာ ...

"လာ မောင်ရင် မကြာခင် ဒီအိမ်ကြီးပျက်စီးတော့မယ် ... လျှောင်လှုပ်တော့မယ် ... လာ"

နှစ်ယောက်သား အပေါ်ထပ်မှပြေးဆင်းလာပြီး အိမ်အပြင်ခပ် ဝေးဝေးသို့ ပြေးထွက်လာသည်။

"ဟာ ... "

မြေကြီးမှာ အလွန်ခါရမ်းလို့နေတာကြောင့် ခန္ဓာကိုယ်ကိုမယိုင် လဲအောင်ထိန်းထားရသည်။

"ဝုန်း"

"ဟာ ... မီးတွေ ... "

အိမ်ကြီးပြိုကျသံနှင့်အတူ အထဲမှ မီးတုပ်များလောင်းကျွမ်းမှု ကြောင့် အိမ်ကြီးမှာတဟုန်းထိုးမီးစွဲလောင်နေတော့သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com

လျှင်ဒဏ်ကြောင့် ညောင်းကုန်းစေတီလေးပြိုကျသွားလေရာ ဦးအိုက်ပန်ကမတည့်၍ စေတီကို အသစ်ပြန်လည်တည်ခဲ့သည်။

ဌာပနာပိတ်ပွဲနှင့် ထီးတော်တင်ပွဲကို အလှူအကြီးအကျယ်ပေးကာ ပြုလုပ်သလို ရင်ပြင်တော်နှင့်မနီးမဝေးတွင် အလှူ့ဒကာ ဒကာမအဖြစ် ဦးစောနွယ် ဒေါ် ... နှင့် သမီးနန်းကြာဖြူတို့၏ ပုံစံတူရုပ်တုကို အဆောင်တစ်ဆောင်ဖြင့် သီးသန့်ထားရှိသည်။

ထူးခြားတာက စေတီဝန်းကျင်တွင် တံတိုင်းကာရံထားပုံများ သူတော်စင်ရုပ်တုများ ကုန်းတော်အဘိုးတို့ရုပ်တုမှာ ပန်းပုလက်ရာကောင်းလွန်းသဖြင့် သက်ရှိများဟုပင်ထင်ရသည်။

အနယ်နယ်အရပ်ရပ်က ဆရာကြီးဦးစောနွယ်တပည့်များက တဆင့်စကား တဆင့်ကြားကာ လာရောက်၍ ရုပ်တုများလှူဒါန်းမှုကြောင့် ညောင်ကုန်းစေတီမှာ ရုပ်စုံစေတီ ဖြစ်နေတော့သည်။





"အစ်ကို ... စံပယ်တို့ ညောင်ကုန်းစေတီကို ပန်းပုစေတီလို့ ခေါ်မလား ... ရုပ်စုံစေတီခေါ်မလား ... စေတီက တောစေတီလို့ ပြောရမှာတောင် ခက်တယ်နော် ... "

"ဟုတ်တယ် စံပယ် ... ရေရှည်ထိန်းသိမ်းနိုင်ရင် ပိုကောင်းတာပေါ့ ... ဒါဟာလည်း ပူစရာမလိုပါဘူး ... မဟာရာခြံကြီးက ဦးအိုက်ပန်နဲ့ ဒေါ်ဖွားကောက်တို့က သာသနာ့ဘောင်ဝင်ပြီး စေတီအနီးမှာ ကျောင်းဆောက်ပြီး ရာသက်ပန်စေတီရဲ့ ဝေယျာဝစ္စကိုလုပ်မှာလေ"

စံပယ်ဖူးကခေါင်းညိတ်၍ ...

"စေတီကို ဝိညာဉ်မယ်တော်က စောင့်ရှောက်တယ်ဆို"

BURMESE CLASSIC

"ဟုတ်မှာပါ ... မဟာရာအိမ်ကြီးမီးလောင်သွားပေမယ့် ရုပ်တုတာ မပျက်မစီးရှာတွေ့ခဲ့လို့ စေတီမှာဌာပနာခဲ့တယ်လေ ...

ဆရာကြီးဦးစောနွယ်တို့ ရုပ်အလောင်းတွေ ပျက်စီးသွားတော့ သူတို့အစွဲတွေကျွတ်သွားတဲ့အပြင် စေတီရဲ့ဒကာ ဒကာမတွေဖြစ်သွားတော့ ကောင်းရာမွန်ရာ ဘဝကိုရောက်သွားကြမှာလေ ... "

"ဟုတ်တယ်နော် ... စံပယ်တော့ ကန်ပေါက်ရွာသူဖြစ်ရတာ အရမ်းကျေနပ်တယ် ... "

"ဘာလို့လဲ ... "

"ညောင်ကုန်းစေတီကို အမြဲဖူးခွင့်ရလို့လေ ... "

ရဲထွဋ်က စံပယ်စကားကြောင့်ပြုံး၍ ...

"အစ်ကိုလည်း ညောင်ကုန်းရုပ်စုံပန်းပုစေတီကို အမြဲဖူးခွင့်ရတော့မှာပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ အစ်ကို ..."

"ဒီက ကန့်ပေါက်ရှာသူကို မကြာခင်လက်ထပ်မလို့လေ"

"အို ... အစ်ကိုကလည်း ..."

စံပယ်ဖူးရဲ့အသံလေးက ကြည်နူးဖွယ်ထွက်လာပြီး ချစ်သူနှစ်ဦး လက်ချင်းမြဲမြဲစွာ ကိုင်ထားလိုက်လေတော့သည်။

ပြီးပါပြီ။

စာဖတ်သူရင်ကို အမြဲထိရှမှုတွေပေးနေမယ့်

စာရေးတဲ့ ကျွန်မ

**မျှော်ငကြီ**

အမှတ်-၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်အကြံပြုသူများ

မျှော်လင့်လျက်

ဖုန်း - ၀၁ ၄၀၁၃၆၄ ၊ ၀၉ ၇၃၁၁၃၉၀၉



www.burmeseclassic.com